ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၈ရက်၊ သောကြာနေ့၊ (27-2-2004) (၄၁၅၉)

ပဏ္ဍိတာနဉ္စ သေဝနာ တေံ မင်္ဂလ မုတ္တမံ။

ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ စစ်ဆေး မဂ္ဂါဝပ် ၄၀၀ စီမံကိန်းဖြစ်ပြီး ဓာတ်အား တစ်နှစ်ကီလိုဝပ်နာရီ ၃၀၂၂သန်း ထုတ်လုပ်မည် ထွက်ရှိသောဓာတ်အားကို ရွှေလီမှ မန္တလေးအထိ နှစ်ထပ်ဓာတ်အားလိုင်းတည်ဆောက်ဖြန့်ဖြူးသွားမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၂ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့မှ နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစံရွှေသာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Corporation (Y.M.E.C) ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြရာတွင် ရွှေလီမြစ်သည် ရေအားလျှပ်စစ်ထုတ်ရန် အလွန်ကောင်းမွန်သော သဘာဝအနေအထားရှိသည့် မြစ်ဖြစ်ပါကြောင်း။

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ပြီး တစ်နှစ်ထုတ်လုပ်မည့်ဓာတ်အားမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၃၀၂၂ ဖြစ်ပါကြောင်း။

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းမှ ကွန်ကရစ်တမံ၊ ရေသွယ်ဥမင် လုပ်ငန်းနှင့်စက်ပစ္စည်းများ တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက် ရန် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Y.M.E.C ကုမ္ပဏီတို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ စီမံကိန်း၏ အကြို တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

ယနေ့ထုတ်စောင်ရေ

၁၉၂၂၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၂-၂၀၀၄
(သောကြာနေ့)

တံတားနှင့်လမ်းပိုင်းလုပ်ငန်းများ အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးကြိုးပမ်း

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားအားလုံး လူနေမှုအဆင့် မြင့်မားစေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်နေသော အချိန်အခါဖြစ်သည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ပြည်ထောင်စုကြီးအတွင်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပြည်နယ်နှင့်တိုင်းများအလိုက် ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု သတ်မှတ်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူနေမှုအဆင့် မြင့်မားရေးတို့ကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုကြိုးပမ်းနိုင်ခဲ့သဖြင့် ရရှိဖြစ်ထွန်းလာသည့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့် တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေရခြင်းဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများနှင့်အတူ လိုအပ်သောတံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာကိုလည်း တစ်ပါတည်း တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **ဒုဋ္ဌဝတီ မြစ်ကူးတံတားသည် အရွယ်အစားငယ်သော်လည်း အစစသတိထား၍ ခိုင်ခံ့အောင်၊ သတ်မှတ်ချိန်ထက်စောပြီးအောင် ကြိုးပမ်းတည်ဆောက်သွားကြရန်ဖြစ်ကြောင်း၊ တံတားလုပ်ငန်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးရေးတို့အတွက် အဓိကအရေးပါသော လမ်းပိုင်းအခြေအနေကိုလည်း ပိုမိုချောမွေ့ကောင်းမွန်အောင် အဆင့်မြှင့်တင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း** မှာကြားခဲ့သည်။

ဒုဋ္ဌဝတီတံတား(နောင်ချို)သည် ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းပေါ်တွင်ရှိပြီး စုစုပေါင်းအရှည်မှာ ၄၆၈ပေရှိမည်ဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်း ပါရှိမည်ဖြစ်သည်။

ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ကို ပေါင်းကူးဆက်စပ်ပေးသောလမ်းများအနက် ခရီးမိုင် အတိုဆုံးလမ်းဖြစ်သည်။ ဒုဋ္ဌဝတီတံတား(နောင်ချို)မှာ အဆိုပါလမ်းမပေါ်တွင်ရှိသည့်အတွက် ပြည်သူများ အလွယ်တကူ ကူးသန်းဆက်သွယ်သွားလာရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးရေးတို့အတွက် အဓိကအရေးပါသော လမ်းပိုင်းလုပ်ငန်းများ ပိုမိုချောမွေ့ကောင်းမွန်စေရေး အဆင့်မြှင့်တင်သွားကြရန်နှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းတည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၂၅ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းကျောင်းကျန်းမာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်နှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တို့တွင် ကျန်းမာရေးအဆင့်မြင့်ကျောင်းစံပြထူးချွန်ဆုရ အခြေခံပညာကျောင်းများ ဆုချီးမြှင့်ပွဲတွင် စံပြဆုရရှိသော ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းအား ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဦးစိုးမြင့် ဒုတိယပါမောက္ခချုပ် ပခုက္ကူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပခုက္ကူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ) ဒေါက်တာဦးဘမြင့် ပါမောက္ခ/ဌာနမှူး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန
(ဂ) ဒေါက်တာဦးအောင်မွန် ဒုတိယပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် (ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန

အင်းစိန်မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ ဒုတိယဝန်ကြီး သူရဦးသောင်းလွင် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ယနေ့နံနက် ၇နာရီခွဲတွင် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ စက်ရုံ အထွေထွေမန်နေဂျာ၊အရာရှိများနှင့် ကြီးကြပ်အဆင့်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ စက်ခေါင်းစက်ရုံ (အင်းစိန်) ခေတ်မီတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်နေသည့် ကိစ္စများအား ဆွေးနွေးမှာကြားပြီး စက်ရုံအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့သားစဉ်မြေးဆက် မတောင့်မတ၊ မကြောင့်မကျ နေထိုင်စေရေးအတွက် လယ်ယာကဏ္ဍ၊စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အစရှိသည့် ဘက်စုံ၊ ကဏ္ဍစုံ တိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယအထွေထွေမန်နေဂျာ(စက်ရုံ/အင်းစိန်) ဦးဇော်ဗယ်လင်တိုင်းက စက်ခေါင်းစက်ရုံ(အင်းစိန်) လက်ရှိ စက်ခေါင်းပြင်ဆင်မှုနှင့် အရန်ပစ္စည်း တိုးချဲ့ထုတ်လုပ်နေသည့်အခြေအနေ၊ စက်ရုံကို အဆင့်မြှင့်တင်၍ ဆက်လက်တိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ ဝယ်ယူရန် စီစဉ်ဆောင်ရွက်မှုများကို တင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် စက်ခေါင်းစက်ရုံ(အင်းစိန်)၏ ဖြုတ်ဆင်စက်ရုံနှင့်ထရက်ရှင် မော်တာစက်ရုံများသို့ လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် အင်းစိန်စက်ခေါင်းစက်ရုံတွင် ထရက်ရှင်မော်တာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးရထား)

သူနာပြုညီလာခံ အမှုဆောင်အဖွဲ့သစ်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံသူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီရာဟန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ဒေါ်နီရာဟန်က အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့သစ်အတွက် ရွေးချယ်ခံမည့် အမည်စာရင်းကို ကြေညာသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ ၂၀၀၄-၂၀၀၆ခုနှစ် မြန်မာနိုင်ငံ သူနာပြုအသင်းဥက္ကဋ္ဌအဖြစ် ဒေါ်အိုးဘာဘရို ဦးဆောင်သော အလုပ်အမှုဆောင် ၂၁ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ (သတင်းစဉ်)

ရောဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။

ယခုအခါရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို လာမည့် မတ် ၁ရက်မှစ၍ မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် တြိဂံပုံ မြားအစိမ်းပြသထားပြီး ညအခါမီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

ထုတ်ပြန်ထား

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဘက်တစ်ချက်တွင် ပေ ၂၀ခန့်တိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"မှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဓမ္မဒူတအရှင်ဆေကိန္ဒအရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂၇ရက်ည ၆နာရီတွင် ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိစာသင်တိုက်ကြီး၌လည်းကောင်း၊ ည၇နာရီခွဲတွင် တာမွေမြို့နယ်မလွှကုန်းငွေးကြွယ်(က)ရပ်ကွက်သူငွေးလမ်း၌လည်းကောင်း၊ ဖေဖော်ဝါရီ၂၈ရက်နှင့်၂၉ရက် ညတို့တွင်မန္တလေးနန်းရှေ့ ၆၅-၆၆လမ်းနှင့် ၁၈X၁၉လမ်းကြား တိုက်တော်ကျောင်းတိုက်ဝင်း ဇေဝရတ်ဓမ္မာရုံ၌လည်းကောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

✧ **နိုင်ငံတော်မှ**

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံသူနာပြုအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ညီလာခံ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စာတမ်းဖတ်ကြားတင်သွင်းသူ စာတမ်းရှင် ပထမဆုရ မွန်ပြည်နယ်ကိုယ်စားပြု ဒေါ်ချိုချိုမာ၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကိုယ်စားပြု ဒေါ်မာမာသီနှင့်တတိယဆုရ မကွေးတိုင်းကိုယ်စားပြု ဒေါ်ဝါဝါအောင်တို့အား ဆုများကို ချီးမြှင့်သည်။

မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါ်အီးဘာဘာရီ မြန်မာနိုင်ငံ သူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံ သူနာပြုအသင်း(၄၉)ကြိမ်မြောက် သူနာပြုညီလာခံကျင်းပရေး ကူညီပံ့ပိုးခဲ့သော MAC (Dumex)ကုမ္ပဏီမှ အာဟာရမန်နေဂျာ ဒေါက်တာဖြူတီကြည်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံ သူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် ကျပန်းစကားပြောပြိုင်ပွဲ ဒုတိယဆုရ ကရင်ပြည်နယ်မှ မကေဇင်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျပန်းစကားပြောပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မသူဇာမွန်၊ ဒုတိယဆုရ ကရင်ပြည်နယ်မှ မကေဇင်ဦးနှင့် တတိယဆုရ ကချင်ပြည်နယ်မှ မခေါန်နန်တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စာတမ်းဖတ်ကြားတင်သွင်းသူ စာတမ်းရှင် အထူးဆုရရှိကြသည့် မန္တလေးတိုင်းကိုယ်စားပြုဒေါ်ခင်သိန်း၊ ကရင်ပြည်နယ်ကိုယ်စားပြု ဒေါ်နော်ဇင်သန်းနှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ဒေါ်မြထွေးရီတို့အားလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၌ အထူးဆုရရှိကြသည့် မကွေးတိုင်းမှ မသူဇာလင်း၊ ကယားပြည်နယ်မှ မအယ်နီတာနှင့် ကချင်ပြည်နယ်မှ မတိုးတိုးထွန်းတို့အားလည်းကောင်း ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘာရီက သူနာပြုအသင်း (ဗဟို)ရန်ပုံငွေ ရရှိရေးတွင် အကူအညီပေးခဲ့သော မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်အား လည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း(၄၉)ကြိမ်မြောက် သူနာပြုညီလာခံကျင်းပရေး၌ ကူညီပံ့ပိုးပေးခဲ့သော MAC(Dumex) ကုမ္ပဏီမှ အာဟာရ မန်နေဂျာ ဒေါက်တာ ဖြူတီကြည်တို့အားလည်းကောင်း ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ သူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် ကျပန်းစကားပြောပြိုင်ပွဲ အထူးဆုရ မကွေးတိုင်းမှ မသူဇာလင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် အပေါင်ကျေးရွာ ပဋ္ဌာနတာရုံကျောင်းတိုက်၌ တည်ထား ကိုးကွယ်လျက်ရှိသော ရွှေပြည်အေး စေတီတော်မြတ်ကြီး၊ လေးသိန်းရှင် စေတီတော်မြတ်ကြီးနှင့် ရွှေဘုန်းပွင့်လိုတရစေ ရုပ်ပွားတော်ကြီး နှစ်ဆူတို့၏ ဗုဒ္ဓပူဇနိယပွဲတော်၊ အပေါင်ဆရာတော်ကြီး ဘဒ္ဒန္တ မာဃိန္ဒ၏ ဝိဇာတ မွေးနေ့မင်္ဂလာပွဲတော်နှင့် စုပေါင်းမဟာ သိင်္ဂါထပ်ဒုလ္လဘရဟန်းခံပွဲများကို တပေါင်းလဆန်း ၁၃ ရက် (မတ် ၃ ရက်)မှစ၍ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ဖေဖော်ဝါရီ ၂၆ ရက်က ၂၀၀၃ခုနှစ် လူထုအားကစားလအထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဦးစိုးမင်း(ရန်ကင်းစိုးမင်း)အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာတိုကီဝါ ကျောင်းသုံးခဲတံများ ဖြန့်ဖြူးရောင်းချရေးသဘောတူစာချုပ်လက်မှတ်ထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက်တို့၏ မြန်မာတိုကီဝါ ကျောင်းသုံးစာရေးခဲတံများနှင့် ရောင်စုံခဲတံများ ဖြန့်ဖြူးရောင်းချရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပညာရေးဝန်ကြီးဌာနကိုယ်စား ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက်ကိုယ်စား Managing Director Mr. Fumiyoshi Sakurai တို့က မြန်မာတိုကီဝါ ကျောင်းသုံးခဲတံများနှင့် ရောင်စုံခဲတံများ ဖြန့်ဖြူးရောင်းချရေးသဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးကြပြီး **(အောက်ပုံ)** စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

မြန်မာတိုကီဝါကော်ပိုရေးရှင်းလီမိတက်သည် အရည်အသွေးမြင့်မားသည့် ကျောင်းသုံးခဲတံနှင့် အဆင့်မြင့် ရောင်စုံခဲတံများကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် လုံလောက်စွာဖြန့်ဖြူး ရောင်းချသွားရန်စီစဉ်ထားကြောင်းသိရသည်။ (သတင်းစဉ်)



ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏(၅၃)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပရန် စီစဉ်ထားသည်။

အသက်(၇၅)နှစ်အထက် ကန်တော့ခံမည့် သက်ကြီးများနှင့် ၂၀၀၃ခုနှစ်တွင်ကျင်းပသောတက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော ကျောင်းသူ၊ ကျောင်းသားများသည် မတ် ၁ ရက် နောက်ဆုံးထား၍ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ အမည်စာရင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၄ (သောကြာနေ့)

၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၂၀ ၈။ ဖြူးချောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ EnglishForEverdayUse.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၅၀ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၆:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success in Soccer.
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၂)**
၇:၄၀ ၁၆။ တေးဂီတအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း အမှားမရှိသောနေ့ရက်များ (လွင်မိုး၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

အီရတ်တွင် ကုလလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်ရန် လိုအပ်

၂၀၀၃ ခုနှစ် ဩဂုတ် ၁၉ ရက်နေ့တွင် အီရတ်နိုင်ငံရှိ ကုလသမဂ္ဂရုံး ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုးအပါအဝင် လူပေါင်း ၂၂ ဦး သေဆုံးခဲ့ရပြီးနောက် ကုလသမဂ္ဂဝန်ထမ်းများကို ယင်းနိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ အီရတ်နိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ယင်းနိုင်ငံသို့ ကုလသမဂ္ဂဝန်ထမ်းများ စေလွှတ်ရေးမှာ လုံခြုံရေးအခြေအနေပေါ် မှီတည်နေသည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ လမ်းတစ်လမ်းပေါ်တွင် ကင်းလှည့်လာသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အစိုးရနှင့် နီးစပ်ဆက်နွယ်မှုရှိသော ဘက်ချ်တဲလ် ကော်ပိုရေးရှင်းနှင့် ဟာလီဘာတန်ကုမ္ပဏီတို့သည် အီရတ်စစ်ပွဲကို အသုံးချ၍ စီးပွားရေးအမြတ်ထုတ်နေသည်ဟုဆိုကာ သမ္မတဘုရှ်နှင့် ဒုတိယသမ္မတ ဒစ်ချေနီတို့အား ဖေဖော်ဝါရီ ၂၄ ရက်က ဝါရှင်တန်တွင် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက် အနောက်မြောက်ဘက် မိုင် ၅၀ ခန့်အကွာ အယ်လ်အဆက် လေတပ်စခန်းသို့ ဆိုက်ရောက်လာသည့် အမေရိကန်ကြည်းတပ်မှ ဘလက်ဟော့ခ် အမျိုးအစားစစ်ရဟတ်ယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်တာဝန်ချထားသည့် အမေရိကန်တပ်ဖွဲ့များ တပ်လဲလှယ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်က တာဝန်ချထားမည့် တပ်ဖွဲ့ဝင်အသစ်များလိုက်ပါလာသော မော်တော်ယာဉ်တန်းမှ တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားသော အီရတ်သိပ္ပံပညာရှင်များကို ပြန်လည်လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကူဝိတ်မှထွက်လာသည့် အမေရိကန်မော်တော်ယာဉ်တန်းကို ကူဝိတ်မြောက်ဘက် အူဒေရာရိန့်ဂျ် ဒေသအနီး သဲကန္တာရတွင် ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ကုလသမဂ္ဂအစီရင်ခံစာ တရုတ်အားရကျေနပ်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၆

အီရတ်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး သက်ဆိုင်သည့် အဖွဲ့အစည်းများအနေဖြင့် သဘောတူညီချက် ရရှိလာနိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်ပြည်က ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ဝမ်ဂွမ်ယာက အီရတ်နိုင်ငံ၏ ရွေးကောက်ပွဲအစီအစဉ်များနှင့် အချုပ်အခြာအာဏာ လွှဲပြောင်းလက်ခံရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး လက်ခံနိုင်မည့် သဘောတူညီချက် ရရှိနိုင်မည်ဖြစ်ကြောင်း ယမန်နေ့က ကျင်းပသည့် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အစီရင်ခံစာအား သုံးသပ်ဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်သို့ လေ့လာရေးသွားရောက်ခဲ့သည့် ကုလသမဂ္ဂ အဖွဲ့ခေါင်းဆောင် ဘရာဟီမီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် ထောက်ခံအကြံပြုချက်များအပေါ် အားရကျေနပ်မှုရှိကြောင်းလည်း တရုတ်သံအမတ်က ပြောကြားခဲ့သည်။ ယင်းအစည်းအဝေးတွင် အမေရိကန်နှင့် ဗြိတိန် သံအမတ်များက အီရတ်နိုင်ငံ၏ လတ်တလော အခြေအနေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး လက်ခံနိုင်မည့် သဘောတူညီချက် ရရှိနိုင်မည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီဝင်နိုင်ငံများကို ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ အစည်းအဝေးမှ အီရတ်နိုင်ငံရေး အနာဂတ်တွင် ကုလသမဂ္ဂ၏ ပါဝင်ကူညီဆောင်ရွက်မှုကို ကြိုဆိုကြောင်း ထုတ်ပြန်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် အီရတ်တို့ထံ အချုပ်အခြာ အာဏာလွှဲပြောင်းမည့် အစီအစဉ်အတိုင်း ဆောင်ရွက်ရန်နှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန်ကိုလည်း ထောက်ခံခဲ့ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။ ***စီစီတီဗွီ။***

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့ရှိ အပေါင်းပါတပ်ဖွဲ့ အဆောက်အအုံရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲမဖြစ်ပွားမီက အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန် စီအိုင်အေညွှန်မှူး ဖိအားပေးခံနေရ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျော့တင်းနက်သည် အီရတ်စစ်ပွဲမဖြစ်ပွားမီအချိန်က အီရတ်နိုင်ငံသည် အမေရိကန်နိုင်ငံကို လတ်တလော အခြေအနေတွင် အန္တရာယ်ပေးခြိမ်းခြောက်နိုင်သည့် အခြေအနေမရှိပုံကို အိမ်ဖြူသို့ အသိပေးခဲ့ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုပြောကြားချက်နှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန် ဥပဒေရေးဆွဲသူများက စီအိုင်အေ ညွှန်ကြားရေးမှူးကို ဖိအားပေးလျက်ရှိသည်။

အကယ်၍သာ လတ်တလော အန္တရာယ်မရှိဟု ယူဆထားလျှင် ထိုအချိန်က အီရတ်နိုင်ငံနှင့် သက်ဆိုင်သော ထူးခြားချက်များကို မည်ကဲ့သို့ အကဲဖြတ်ခဲ့ကြောင်းဟု ရီပတ်ဘလီကန်အမတ် အိုလမ်ပီရာစနိုးဝီက မေးခွန်းထုတ်ခဲ့သည်။

တင်ပြသင့်

အမျိုးသားလုံခြုံရေးနှင့် ပတ်သက်၍ အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီရှေ့တွင် စီအိုင်အေ ညွှန်ကြားရေးမှူး တင်းနက် ထွက်ဆိုချက်ပေးခဲ့ရသည်။ ၎င်းက မိမိအနေဖြင့် အိမ်ဖြူသို့ တင်ပြရာ၌ အမေရိကန်တို့ စိုးရိမ်နေကြသော အခြေအနေတစ်ရပ်သည် အီရတ်နိုင်ငံတွင် အတော်အတန်စုစည်း ဖြစ်ထွန်းလျက်ရှိသည်ဟုသာ ထိုအချိန်က တင်ပြသင့်ကြောင်း ပြောကြားသွားသည်။

အခွင့်အရေး

ရီပတ်ဘလီကန်အမတ် စနိုးဝီက အမေရိကန်သမ္မတဘုရှ် ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သောစကားကို မှတ်သားထားခဲ့သည်။ သမ္မတက အမျိုးသားလုံခြုံရေး မဟာဗျူဟာနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားရာ၌ မိမိတို့နိုင်ငံအပေါ် အန္တရာယ်ကျရောက်အံ့ဆဲဆဲ အနေအထားတွင် ရှိနေလျှင် နိုင်ငံအနေဖြင့် အတိုက်မခံရမီ လက်ဦးမှုရအောင် ကြိုတင်တိုက်ခိုက်နိုင်သော အခွင့်အရေးရှိသည်ဟု ပြောကြားခဲ့သည်။

ချင့်ချိန်ဆုံးဖြတ်

တင်းနက်က သမ္မတ ဘုရှ်သည် ရုတ်ခြည်းအန္တရာယ်ရှိသော အဆင့်ထက်လျော့သော အနေအထားတွင် အီရတ်ကို စစ်ဆင်ခဲ့ပါသည်ဟူသော စကားကိုပြောကြားရန် ငြင်းဆိုခဲ့သည်။ ၎င်းက မိမိတို့တင်ပြသော အစီရင်ခံစာတွင် မူဝါဒရေးဆွဲသူများအနေဖြင့် အစီရင်ခံစာကို ဖတ်ရှုပြီး ချင့်ချိန်၍ ဆုံးဖြတ်ရန်ဖြစ်ကြောင်း ဖော်ပြထားသည်ဟု ဆိုသည်။

ပြန်လည်စိစစ်

မိမိတို့အနေဖြင့် အစီရင်ခံစာတွင် အခြေအနေကို ထင်ဟပ်သော စာသားများ၊ စကားလုံးများ မှန်မှန်ကန်ကန် သုံးစွဲထားခြင်း ရှိ၊ မရှိ နောက်ကြောင်းပြန်၍ ပြန်လည်စိစစ်သွားရန် လိုအပ်မည်ဟုသာ ဆက်လက်ဖြေကြားသွားခဲ့သည်။

ယခုကိစ္စသည် မှားယွင်းဆုံးဖြတ်ကာ လုပ်ဆောင်ခဲ့သည့် ကိစ္စဖြစ်၍ ဆေးခါးကြီးကို အောင့်ကာမျိုချကြရတော့မည်သာဖြစ်သည်ဟု ဝေဖန်မှုများထွက်ပေါ်လာကြောင်းသိရသည်။ ***အင်တာနက်။***

ဘုရှ်နှင့်ဘလဲတို့ကြောင့် ကုလသမဂ္ဂ၏ သိက္ခာကျဆင်းရ ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးဟောင်း ဝေဖန်ပြောဆို

အီဒင်ဘတ် (စကော့တလန်) ဖေဖော်ဝါရီ ၂၅

အီရတ်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂတွင် နိုင်ငံတကာက ကန့်ကွက်နေကြသည်ကို အလေးမထားဘဲ ဗြိတိန်နှင့် အမေရိကန်ခေါင်းဆောင်များသည် အီရတ်ကို ကျူးကျော်စစ် ဆင်နွှဲခဲ့ကြသည်။ ထိုလုပ်ရပ်ကြောင့် ကုလသမဂ္ဂအဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ရကြောင်း ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းဘလက်စ်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်နှင့် ၎င်း၏အပေါင်းပါ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့၏ အီရတ် စစ်ပွဲလုပ်ရပ်ကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ သိက္ခာကိုသာ ထိခိုက်ခဲ့ရသည်မဟုတ်၊ ၎င်းတို့ နှစ်နိုင်ငံအပေါ် ကမ္ဘာ့အမြင်ပါ ဆိုးဆိုးရွားရွားထိခိုက်ခဲ့ရသည်ဟု ဘလက်စ်က ဆက်လက်ပြောကြားသည်။

မျှော်လင့်

အထက်ပါစကားများကို ဘလက်စ်က အီဒင်ဘတ်တက္ကသိုလ်ရှိ ကျောင်းသားများကို ဟောပြောရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါ နှစ်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံမူများကို အားကောင်းစေရန် စောင့်ထိန်းကြလိမ့်မည်ဟု မိမိတို့ မျှော်လင့်ထားခဲ့ကြသော်လည်း စောင့်ထိန်းရမည့်အစား အလေးမမူဘဲ လျစ်လျူရှုခဲ့ကြသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏မူများကိုပင် ဖြိုဖျက်မည့် နမူနာသာဓကများကိုပင် လုပ်ဆောင်ခဲ့ကြသေးသည်ဟု ဝေဖန်ပြောကြားသွားသည်။

ထိုနှစ်နိုင်ငံတို့၏ လုပ်ရပ်ကြောင့် ကာယကံရှင်နိုင်ငံများအပေါ် ယုံကြည်ကိုးစားမှုကိုသာ ထိခိုက်စေသည်မဟုတ်ပေ။ ကုလသမဂ္ဂအဖွဲ့ လုံခြုံရေးကောင်စီ၏သြဇာဂုဏ်ရှိန်ကိုပါ ကျဆင်းစေခဲ့ရသည်။ ဆက်ဒမ်သည် အန္တရာယ်ရှိသည် မှန်သော်လည်း အလွန်အမင်း စိုးရိမ်စရာကောင်းသည့် အခြေအနေမရှိပေ။ ထို့အပြင် အီရတ်သည် ကမ္ဘာကိုသော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများကိုသော်လည်းကောင်း ရုတ်ခြည်းအန္တရာယ်ပေးနိုင်သော အနေအထားရှိသည်မဟုတ်ဟု ၎င်းက ဆိုခဲ့သည်။

အကြံပြုစကား

ဘလက်စ်က ကမ္ဘာ့နိုင်ငံများကို အကြံပြုစကားပြောကြားခဲ့သေးသည်။ ကမ္ဘာ့နိုင်ငံ အစိုးရများအနေဖြင့် လုပ်ငန်းများကို လုပ်ဆောင်ကြရန် ကြော်ငြာလောက၏လုပ်နည်းလုပ်ဟန်မျိုးမှ ကင်းဝေးအောင် ရှောင်သင့်ကြသည်။ လူအများကို အသိပေးရာ၌ အမှန်ဟု မှန်းဆယူရသော အခြေအနေမျိုးကို အသိမပေးဘဲ တကယ်ပကတိ အစစ်အမှန်ကိုသာ အသိပေးကြရန် တိုက်တွန်းလိုသည်ဟု ၎င်းက ပြောကြားသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကားဗုံးပေါက်ကွဲရာပြ မြေပုံ

ဖေဖော်ဝါရီ ၂၃ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ဖြစ်ပွားခဲ့သည့် ကားဗုံးပေါက်ကွဲရာပြ မြေပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထောက်လှမ်းရေးသတင်းများ မှားယွင်းမှုရှိကြောင်း စီအင်န်အင်န်သတင်းထောက်ပြောကြား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

ထောက်လှမ်းရေး သတင်းများ မှားယွင်းမှုနှင့် ပတ်သက်ပြီး လေ့လာခဲ့ရာ အဆိုပါ မှားယွင်းမှုများသည် ပုံသဏ္ဍာန်အမျိုးမျိုး အရွယ်အစား အမျိုးမျိုးဖြစ်ကြောင်း သိရသည်။

အီရတ်စစ်ပွဲကာလအတွင်း စီအင်န်အင်န် သတင်းထောက်များသည် စစ်ပွဲလမ်းကြောင်းတစ်လျှောက်နှင့် မြေပြင်တပ်ဖွဲ့ဌာနချုပ်များတွင်လည်း လိုက်ပါကာ သတင်းယူခဲ့ရာ အဆင့်မြင့်ဆုံးနည်းပညာများကို အသုံးပြုခဲ့သော်လည်း ထောက်လှမ်းရေးသတင်းများ မှားယွင်းသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ***စီအင်န်အင်န်။***

တရုတ်ပြည်မှရေထွက်ပစ္စည်းများ တိုးချဲ့တင်ပို့

ပေကျင်း ဖေဖော်ဝါရီ ၂၆

၂၀၀၃ခုနှစ်တွင် တရုတ်ပြည်မှ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာသန်း ၅၄၈၀ ဖိုး တင်ပို့နိုင်ခဲ့သည်။ ထိုပမာဏသည် ၂၀၀၂ ခုနှစ်ကထက် ၁၇ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း အကောက်ခွန်ဌာနမှ ရရှိသော စာရင်းဇယားများက ဖော်ပြသည်။

တရုတ်ပြည်သည် ယခင်နှစ်က လယ်ယာနှင့် ရေထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၁၄၃၀ ဖိုးတင်ပို့ခဲ့သည်။ ထိုပမာဏအနက် ရေထွက်ပစ္စည်း ပါဝင်မှုအချိုးအစားသည် ၂၅ ဒသမ ၆ ရာခိုင်နှုန်းရှိ၍ လယ်ယာနှင့် ရေထွက်ကုန်တင်ပို့မှုတွင် အရေးအပါဆုံး ပို့ကုန်ဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ အဆိုအရ တရုတ်ပြည်သည် ပုစွန်၊ ငါးရှဉ့်၊ အာဖရိက ငါးသိုင်းမျိုး စသည့် ရေထွက်ပစ္စည်းများကို တိုးချဲ့တင်ပို့သွားရန် စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ တရုတ်ပြည်၏ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် နှစ်စဉ် ၁၀ ရာခိုင်နှုန်းတိုးတက်လျက်ရှိကြောင်း စာရင်းများက ဖော်ပြလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖားအောက်တောရရိပ်သာ ဂေါတမကစေတီတော် အုတ်မြစ်စီမင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ (ဖားအောက်တောရရိပ်သာခွဲ)တွင် တည်ထားမည့် ဂေါတမက ဂန္ဓကုဋိတိုက် စေတီတော် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို တပေါင်းလပြည့်နေ့ (မတ် ၅ ရက်) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြင်းလျှော့၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ကြည်လင်သော ဝန်းကျင်နှင့် သစ်လွင်သော မြန်မာနိုင်ငံ

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

မြန်မာနိုင်ငံဝန်းကျင်၌ အိမ်နီးချင်းနိုင်ငံများ၊ ခြံချင်းဆက်နိုင်ငံများ များစွာရှိနေ၏။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့် စပ်ကာ အိမ်နီးချင်းနိုင်ငံအဖြစ် ထိုင်းနိုင်ငံတည်ရှိ၏။ တစ်ဖန် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်စပ်ကာ လာအိုနိုင်ငံတည်ရှိ၏။ ယင်းနှင့် ခြံချင်းစပ်ပြီး ကမ္ဘောဒီးယား၊ ထိုမှ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့ရှိကြ၏။ မြန်မာနိုင်ငံအပါအဝင် ယင်း ၁၀ နိုင်ငံသည် အာဆီယံ၁၀ နိုင်ငံအဖြစ် အာဆီယံတန်ဖိုး၊ အာဆီယံအရည်အသွေး၊ အာဆီယံစံနှုန်းတို့ကို မြှင့်တင်နေခြင်းကြောင့် ကမ္ဘာ့အလယ်တွင် ထင်းထင်းထင်လျက်ရှိ၏။ ယင်းအာဆီယံ အိမ်နီးချင်းနိုင်ငံများ၊ ခြံချင်းဆက်နိုင်ငံများသည် မြန်မာနိုင်ငံ၏ ကြည်လင်သော ဝန်းကျင်ဖြစ်လျက်ရှိ၏။

ထို့အတူ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့နှင့် စပ်လျက် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ရှိ၏။ နှစ်ပေါင်း ပဝေသဏီကတည်းက ဆွေမျိုးပေါက်ဖော်စိတ်ရင်းဖြင့် အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်သောနိုင်ငံ ဖြစ်လေ၏။ ထိုနှင့်စပ်၍ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့သည် အာဆီယံ+၃ အဖြစ် မြန်မာနိုင်ငံ၏ ကြည်လင်သော ဝန်းကျင်ဖြစ်လျက်ရှိ၏။

ထို့အပြင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတို့နှင့်စပ်လျက် အိန္ဒိယနိုင်ငံ တည်ရှိ၏။ နှစ်နိုင်ငံချင်းအားဖြင့်လည်းကောင်း၊ အာဆီယံ+အိန္ဒိယ အားဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ ကြည်လင်သော ဝန်းကျင်နိုင်ငံပင် ဖြစ်လျက်ရှိ၏။ ထိုမှတစ်ပါး ရခိုင်ပြည်နယ်နှင့်စပ်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတည်ရှိပြီး ယင်းအပါအဝင် အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့် ဘင်းမ်စတက်နိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်လျက်ရှိသလို ယင်းဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများသည်လည်း မြန်မာနိုင်ငံ၏ ကြည်လင်သော ဝန်းကျင်ပင် ဖြစ်နေသည်။

မြန်မာမှ ဝန်းကျင်ပတ်ချာ ရှစ်ဒိသာ မျှော်လေတိုင်း မှုန်မှိုင်းကင်းစင် ကြည်လင်သော ဝန်းကျင်ကို တွေ့မြင်နေရသကဲ့သို့ မြန်မာသည် မိမိကိုယ် မိမိ စေ့စေ့ကြည့်ပြန်သော်...။

(ခ)

ယနေ့ အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို ရင်ဆိုင်ကျော်လွှားရင်း ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်နေစေခဲ့သည့် သမိုင်း၏ ဆိုးမွေဒဏ်ရာ ဒဏ်ချက်များ၊ အနိဋ္ဌာရုံဖြစ်ရပ်များ မြန်မာ့မြေပေါ်က အပြီးတိုင် ပပျောက်သွားစေရန်နှင့် ယင်းသမိုင်း၏ ဆိုးမွေများ၊ အနိဋ္ဌာရုံဖြစ်ရပ်များ အနာဂတ်ကာလတွင် ပြန်လည်ပေါ်ပေါက်မလာစေရအောင် အာမခံနိုင်မည့် ခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အခြေခိုင်ခံ့စွာ ဖြစ်တည် ပေါ်ထွန်းလာစေရန်အတွက် အနှောင့်အယှက် အဟန့်အတား များစွာကြားက တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်း ဆောင်ရွက်နေကြချိန်လည်း ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ
အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၄)
သင်တန်းဆင်းပွဲ မိန့်ခွန်း။

ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ခမ်းခမ်းနားနား ခံ့ညားထည်ဝါစွာ ဖြစ်တည်လာခဲ့သော မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ခဲ့ရသည့် အချိုးအကွေ့ခရီးမှ အစပြုကာ ဆိုးရွားသော ဒဏ်ရာဒဏ်ချက်များ၊ အနိဋ္ဌာရုံဖြစ်ရပ်များ၏ ခါးသီးမှုကို နာကျင်စွာနှင့် နာကြည်းစွာ နစ်နစ်စူးစူး ခံစားခဲ့ရ၏။ မျက်စိရှိလျက် မမြင်နိုင်၊ နားရှိလျက် မကြားနိုင်၊ လက်ရှိလျက် မယူငင်နိုင်၊ ခြေရှိလျက် မလျှောက်လှမ်းနိုင်ခဲ့။ ထိုမှ လွတ်လပ်ရေး ပြန်လည်ရရှိ၍ အင်ပြည့်အားပြည့် လှမ်းတော့မည်ပြင်နေဆဲမှာပင် ခြေဖနောင့် အနင်းခံရ၊ ညို့သကျည်း အရိုက်ခံရဆိုသည့် အနိဋ္ဌာရုံမျိုးစုံ စုပြုံကြုံရပြန်ပါ၏။

တပ်မတော်အစိုးရ တက်ရောက်လာသော သည်မှာဘက် ကာလများရောက်မှသာ တပ်မတော်အစိုးရသည် တပ်မတော်၏ စွမ်းရည်ဥသုံကို နိုင်ငံလုံးခြုံ ပုံလွှမ်းစေရင်းဘက်စုံထောင့်စုံ ကဏ္ဍစုံအဟုန်မြင့် တည်ဆောက်နိုင်ခဲ့ခြင်းကြောင့်သာ ယနေ့သော် နိုင်ငံတကာ မျက်နှာစာတွင် သစ်လွင်သော နိုင်ငံအဖြစ် ထွန်းသစ်လာနေလေပြီ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို တည့်မတ်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိနိုင်ငံအတွင်း အမျိုးသားရေး စွမ်းအားကို အခိုင်အမာတည်ဆောက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာမျက်နှာစာတွင်လည်း တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာရေး၊ စည်ပင်ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ အစဉ်တစိုက် တည့်မတ်စွာ ကျင့်သုံးဆောင်ရွက်လာခဲ့သည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒနှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြုသဘောပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းရှိ နိုင်ငံများ၏ ဆက်ဆံရေးမှာ များစွာတိုးတက်ကောင်းမွန်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်။

ယင်းသည် ယနေ့ သစ်လွင်သော မြန်မာနိုင်ငံ၏ စံမီအရည်အသွေး မျက်နှာပြင်ဖြစ်၍ ယင်းမျက်နှာပြင်၌ ထင်းထင်းထင် ရောင်ပြန်များမှာ ဤသို့ဖြစ်၏။

(၁) မြန်မာနှင့် အာဆီယံ

၁၉၉၇ ခုနှစ်တွင် ချမှတ်ခဲ့သော အာဆီယံမျှော်မှန်းချက် (ASEAN Vision 2020)ပန်းတိုင်မှာ "အာဆီယံအသင်းကြီးသည် စာနာထောက်ထားမှု ဖြဟ္မစိုရ်တရားများ ထွန်းကားသော လူမှုအဖွဲ့အစည်းတွင် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာရေးအတွက် အတူတကွ တွဲဖက်ဆောင်ရွက်ကြလျက် ငြိမ်းချမ်းမှု၊ သာယာဝပြောမှု အပေါင်းဖြင့် စုစည်းနေထိုင်ကြပြီး ပြင်ပကမ္ဘာသို့လည်း ဂရုပြုရှုမျှော်ဆက်ဆံသည့် အရှေ့တောင်အာရှ နိုင်ငံများအားလုံး တက်ညီလက်ညီ ပေါင်းစည်းတည်ထောင်ထားသော အသင်းကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန်"ဟု ဖြစ်သည်နှင့်အညီ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area)နှင့် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသ(ASEAN Investment Area) အစီအမံများ ပေါ်ထွက်လာလျက်ရှိ၏။

အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ အစီအမံများအရ အကောက်ခွန်နှုန်းထားကို သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအတွင်း လျှော့ချထားပေးရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအဖို့ အခြားအာဆီယံနိုင်ငံများ၏ ဈေးကွက်တွင်းသို့ အကောက်ခွန်လွတ် ဝင်ရောက်နိုင်သော အခွင့်အရေးရရှိသကဲ့သို့ အခြားအာဆီယံနိုင်ငံများမှ သွင်းကုန်အများစုကို အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရမည်ဖြစ်ရာ မြန်မာ့ထွက်ကုန်များ၊ ထုတ်ကုန်များ အရည်အသွေးရောဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်စွမ်းရှိနေစေရန် ယခုကတည်းက အမြော်အမြင်ရှိရှိ ကြိုးပမ်းနေကြရမည်။

တစ်ဖန် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသ အစီအမံများအရ အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနည်းတူ တစ်ပြေးညီ အခွင့်အရေးပေးရမည်ဖြစ်ရာ မြန်မာ့ကုန်ထုတ်လုပ်ငန်းများသည် အခြားအာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံကြသူများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ အထူးအရေးတကြီး လိုအပ်လာနေလေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ကုန်ထုတ်လုပ် အစုအဖွဲ့များ၊ ကုန်သွယ်မှု အစုအဖွဲ့များအနေဖြင့် အားတက်ဖွယ် အခြေအနေများနှင့်အတူ အစဉ်သဖြင့် အဆင်သင့်အနေအထားသို့ အရောက်လှမ်းတက်ထားရန် အမှန်လိုအပ်လာနေလေပြီ။

ထိုမှတစ်ပါး ၂၀၀၃ ခုနှစ် အောက်တိုဘာအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံ ရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်အဖြစ် Bali Concord II ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်၏။ ယင်းသည် ပထမ မဏ္ဍိုင် လုံခြုံရေးအသိုက်အဝန်း၊ ဒုတိယမဏ္ဍိုင် စီးပွားရေးအသိုက်အဝန်း၊ တတိယမဏ္ဍိုင် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဟူသော အဓိကမဏ္ဍိုင်(Pillars) သုံးရပ်အပေါ်၌ အခြေပြုထား၏။

ပထမမဏ္ဍိုင် လုံခြုံရေးအသိုက်အဝန်း

အာဆီယံနိုင်ငံများအတွင်း ပိုမိုပူးပေါင်းဆက်ဆံခြင်းဖြင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ ပြည်ပစွက်ဖက်မှုကင်းရှင်းပြီး တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရန်၊ ဒေသတွင်း နိုင်ငံများအချင်းချင်း ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းအားဖြင့် ပိုမိုလုံခြုံမှုရှိစေရန်၊ ငြိမ်းချမ်းတည်ငြိမ်သော အာဆီယံဒေသအဖြစ် ထူထောင်သွားရန်။

ဒုတိယမဏ္ဍိုင် စီးပွားရေးအသိုက်အဝန်း

အာဆီယံနိုင်ငံများအကြား ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာ စီးဆင်းစေရန်၊ အာဆီယံဒေသကို တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုဒေသအဖြစ် ပေါ်ထွက်လာစေပြီး ဆင်းရဲမွဲတေမှု လျှော့ချရန်၊ လူမှုရေးနှင့် စီးပွားရေး ကွာဟမှုများ လျှော့ချရန်။

တတိယမဏ္ဍိုင် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း

အာဆီယံ မျှော်မှန်းချက်နှင့်အညီ လူတန်းစားအသီးသီး၏ လူနေမှုအဆင့်အတန်း မြင့်မားမှု၊ ပညာအရည်အသွေးမြင့်တင်မှု၊ ကူးစက်ရောဂါများ ကင်းရှင်းမှု၊ ပညာရှင်များနှင့် အနုပညာရှင်များ ပိုမိုထိတွေ့ဆက်ဆံမှု၊ အပြန်အလှန် နားလည်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်း ဖလှယ်မှုတို့ဖြင့် သာယာချမ်းမြေ့သော လူ့ပတ်ဝန်းကျင်ကို ထူထောင်သွားရန်။

ယင်းအဓိကမဏ္ဍိုင်ကြီးသုံးရပ် အခိုင်အမာအုတ်မြစ်ချတည်ဆောက်နိုင်သည်နှင့်အမျှ အာဆီယံ မိသားစုကြီးသည် လုံခြုံမှု အပြည့်အဝရှိသော၊ စီးပွားရေး တောင့်တင်းခိုင်မာသော၊ လူမှုရေးနှင့် ယဉ်ကျေးမှုပြည့်စုံသော မိသားစုကြီးအဖြစ် ဖြစ်ထွန်းလာမည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းမျှော်မှန်းချက်အရ ယခုကတည်းက စတင်ပြီး မိမိတို့ဘက်မှ ဆောင်ရွက်ဖွယ်ရာတို့ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန် စနစ်တကျစီမံချမှတ် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။

(၂) မြန်မာ+အိမ်နီးချင်း ၃

မြန်မာနှင့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုဟူသည့် လေးနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချမှတ်နိုင်ရေး ထိပ်သီးညီလာခံတစ်ရပ်ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ၌ ပုဂံမြို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ။

- လေးနိုင်ငံအကြား နယ်စပ်ဒေသများ၌ စွမ်းဆောင်ယှဉ်ပြိုင်မှု မြှင့်တင်ရန်
- ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေရန်
- အခွင့်အလမ်း ပိုကောင်းသည့် ဒေသများသို့ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်
- အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှု လျော့နည်းစေရန်
- လေးနိုင်ငံစလုံး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတသည့် သာယာဝပြောမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်ရေး မြှင့်တင်ပေးရန်။

ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများ

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ စုစုပေါင်း ကဏ္ဍကြီး ခုနစ်ရပ်။

(၃) အာဆီယံ+၃

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် ဆက်သွယ်ဆက်ဆံမှု တိုးမြှင့်လျက်ရှိ၏။

(၄) အာဆီယံ+အိန္ဒိယ

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ဆက်သွယ်ဆက်ဆံမှု တိုးမြှင့်လျက်ရှိ၏။

(၅) အာဆီယံ+ဘင်းမ်စတက်

အသင်းဝင်နိုင်ငံများ၏ နိုင်ငံအမည် အစအက္ခရာများဖြစ်သော ဘင်္ဂလားဒေ့ရှ်(B)၊ အိန္ဒိယ(I)၊ မြန်မာ(M)၊ သီရိလင်္ကာ(S)နှင့် ထိုင်း(T)တို့ ပေါင်းပြီး ဘင်းမ်စတက်ဟု ခေါ်ဝေါ်သော ငါးနိုင်ငံအဖွဲ့နှင့် အာဆီယံ ၁၀ နိုင်ငံအဖွဲ့တို့အကြား ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်ရေး အချက်အချာနေရာ၌ မြန်မာနိုင်ငံ တည်ရှိနေခြင်းက ကံတရား၏ ကောင်းခြင်းဆုကို မြန်မာတို့အလိုလို ရရှိနေခြင်းဖြစ်၏။ တစ်နည်းပြောရလျှင် ဤအရှေ့တောင်အာရှနှင့် တောင်အာရှရှိ နိုင်ငံများအကြား မြန်မာနိုင်ငံက အလိုလို မဟာဗျူဟာမြောက် နေခြင်းဖြစ်၏။ တစ်နည်းထပ်ပြောရလျှင် မြန်မာနိုင်ငံ ကံကောင်းပြီးဖြစ်နေခြင်းဖြစ်၏။

ကမ္ဘဒသနအရ ကံကောင်းပြီး မြန်မာနိုင်ငံအဖို့ ဉာဏ်ကောင်းရန်နှင့် ဝီရိယကောင်းရန်သာ လိုတော့ရာ ထိုကံ၊ ဉာဏ်၊ ဝီရိယသုံးပါးစလုံး အညီအမျှ ကောင်းလာသော နေ့တစ်နေ့ဝယ် မြန်မာသည် အာရှဦးဆောင်ဖြစ်မလာနိုင်ဟု မည်သူငြင်းရဲမည်နည်း။

လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးတို့၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းသော ဘင်းမ်စတက်အဖွဲ့ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်သစ်အဖြစ် လျှောက်ထားလာသည့် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့ကို အဖွဲ့ဝင်နိုင်ငံများအဖြစ် အဖွဲ့ကြီးက လက်ခံခဲ့သောကြောင့် ဥပမာနှိုင်းရသော် မြစ်ကြီးငါးသွယ် အပေါင်းအဆုံ ပင်လယ်ပြင်ကြီးသို့ ရေစီးအားကောင်းနေသည်တွင် နောက်ထပ်မြစ်နှစ်သွယ် ထပ်မံပေါင်းစည်း စီးဝင်လာနေပြီဖြစ်ရကား ဘင်းမ်စတက် ပင်လယ်ပြင်အလှသည် မကြာမီကာလအတွင်း ထင်းထင်းထင် ပေါ်လွင်လာတော့လတ္တံ့။ မြန်မာ့လှိုင်းကြက်ခွပ်များ၏ လှိုင်းပုတ်သံ ညံညံဝေ ကြားလာရတော့လတ္တံ့။

(ဂ)

"ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့်သော်လည်းကောင်း အကျိုးစီးပွားအလို့ငှာ အပြုသဘော ဆက်သွယ်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှု အသီးအပွင့် အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းစပြုနေပြီဖြစ်သည်ကိုလည်း ကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

သို့သော်လည်း အနောက်နိုင်ငံကြီးအချို့အနေဖြင့် မြန်မာနိုင်ငံအပေါ် အကြောင်းပြချက်အမျိုးမျိုးနှင့် ဖိအားများ အဖုံဖုံပေးလျက်ရှိနေဆဲပင်ဖြစ်ကြောင်း၊ မူလက မြန်မာနိုင်ငံအပေါ် စွပ်စွဲလုပ်ဆောင်နေသည့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါး၊ အတင်းအဓမ္မ စေခိုင်းမှုဆိုသော စွပ်စွဲမှုများသာမက ကဏ္ဍသစ်များ ရှာဖွေပြီး ဖိအားပေးမှုအမျိုးမျိုး လုပ်ဆောင်လျက်ရှိရာတွင် ယခုအခါ ကလေးသူငယ် စစ်သည်များကိစ္စကို ရှေ့တန်းတင်ပြီး စစ်မျက်နှာသစ်တစ်ရပ် ဖွင့်လာသည်ကို တွေ့ရှိနေရပြန်ကြောင်း။"

ယင်းသို့သော မမှန်မကန် လုပ်ကြံစွပ်စွဲမှုများကို မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သော အချက်အလက်များဖြင့် စနစ်တကျ တုံ့ပြန်လျက်ရှိခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ လူ့အခွင့်ရေးအခြေအနေတို့ကို မှန်ကန်စွာ သိရှိနိုင်စေရန် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမိုင်းလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးအစီရင်ခံစာတင်သွင်းသူ ပါမောက္ခ ပင်ဟေးရိုးတို့ကို မြန်မာနိုင်ငံ၌ လက်ခံခဲ့ပြီး အခြေအနေမှန်များ၊ နိုင်ငံတော်အစိုးရ၏ သဘောထားမှန်များကို ရှင်းလင်းပြောကြားပေးခြင်း၊ ၎င်းတို့ကို လွတ်လပ်စွာ လေ့လာခွင့်ပြုခြင်းများကြောင့် "စွပ်စွဲချက်သည် စွပ်စွဲချက်သာ"ဟူသော အမှန်သဘာဝတစ်ရပ် ပေါ်လွင်လျက်ရှိနေလေ၏။ တစ်နည်းပြောရလျှင် "စွပ်စွဲချက်သည် အမြင်ဝါးအထင်သာ"ဟု ပေါ်လွင်လျက်ရှိနေလေ၏။ တစ်နည်းထပ်ပြောရလျှင် "စွပ်စွဲချက်သည် အရှက်မဲ့ဗာလာနံတို့၏ ဝါစာကထာ၊ ကူလီကူမာသာ"ဟု ဖြစ်၏။

မှန်လေစွ။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဟူသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အရေးပါ ဟူ၍ဖြစ်စေ၊ ပါတီတစ်ဖွဲ့တစ်ခု၏ အရေးပါဟူ၍ဖြစ်စေ သဘောမထားပါဆိုလျှင်... ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဟူသည် လူမျိုးပေါင်းတစ်ရာကျော် စုစည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အရေးပါဟူ၍ သဘောထား အမြင်ရှိသည်ဆိုပါလျှင် ထိုထိုစွပ်စွဲချက်များ၊ ချွတ်လွဲချက်များ၊ မဟုတ်မဟတ်များ၊ အပုပ်အစပ်များ၊ မမှန်မကန်များ၊ အကြံအဖန်များ စသော များ...များ...တို့သည် ပေါ်ကိုပေါ်လာမည် မဟုတ်ပါချေ။ ယခုမူ...။

ရှိစေ...ရှိစေတော့...။ မည်သို့ပင် ရှိသည်ဖြစ်စေကာမူ...

(ဆက်လက်ဖော်ပြပါမည်)

မြောင်းမြဝါးကျောင်းဆရာတော် တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် ရန်မျိုးအောင်ဘုရားကြီးကျောင်းတိုက်၌ ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ(မြောင်းမြဝါးကျောင်းဆရာတော်)အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂၈ရက်နှင့် ၂၉ရက်တို့တွင် ညစဉ် ၇နာရီမှစတင်၍ နှစ်ညတိုင်တိုင် ခုနစ်ရက်သားသမီးများအား ခန္ဓာဉာဏ်ရောက် အသိပေါက်အောင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

❁ **ရွှေဖုံးမှ**

ရွှေလီရေအားလျှပ်စစ် စီမံကိန်းမှ ထွက်ရှိသော ဓာတ်အားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်၍ ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း၊ ရွှေလီမှ မန္တလေးအထိ မိုင် ၂၃၀ရှည် ကေဗွီနှစ်ထပ် ဓာတ်အားလိုင်း တည်ဆောက်၍ အခြားဒေသများသို့လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်းနှင့် ရွှေလီရေအား လျှပ်စစ်စီမံကိန်းအတွက် လမ်းဖောက်လုပ်သွားမည့် အစီအစဉ်များ၊ လမ်းပိုင်းရှိ တံတားတည်ဆောက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရေလွှဲဥမင်လိုဏ်၊ ရေသွယ်ဥမင်လိုဏ်၊ ရေလှောင်ထိန်းစည်၊ ဖိအားမြင့်ပိုက်လိုင်း၊ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် Y.M.E.Cကုမ္ပဏီတို့အကြား လုပ်ငန်းတာဝန်ခွဲခြား၍ လုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စီမံကိန်း ချဉ်းကပ်ကားလမ်းကို ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ရန်၊ ရွှေလီကြို့တံတားကို ခံနိုင်ဝန်အင်အား ကောင်းသော တံတားအဖြစ် ပြုပြင်ရန်နှင့် အခြားဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက Y.M.E.C ကုမ္ပဏီဥက္ကဋ္ဌ Mr. Feng Keအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး စီမံကိန်းဝန်ထမ်းများကိုယ်စား ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လှိုင်တို့အား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား Y.M.E.C ကုမ္ပဏီဥက္ကဋ္ဌက အမှတ်တရလက်ဆောင် ပေးအပ်သည်။

ပင်မတမံနေရာ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ စမ်းသပ်တူးဖော်ထားသည့် ကျောက်နမူနာများကို ကြည့်ရှုစစ်ဆေးပြီး ပင်မတမံနေရာကိုလည်း ရှုရပ်မှ ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပင်မတမံတည်ဆောက်မည့်နေရာ၊ ရေလွှဲဥမင်တည်ဆောက်မည့် နေရာနှင့်အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ရွှေလီရေအားလျှပ်စစ် စီမံကိန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက Y.M.E.C ကုမ္ပဏီဥက္ကဋ္ဌ Mr.Feng Ke အား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့နောက် Y.M.E.Cကုမ္ပဏီဥက္ကဋ္ဌ Mr. Feng Ke က မိမိတို့ကုမ္ပဏီအား လုပ်ငန်းအပ်နှံ တာဝန်ပေးသဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် စံချိန်စံညွှန်းကောင်းမွန်စွာဖြင့် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

စီမံကိန်းအရ အလျား၅၃၁ပေ၊ အမြင့်၁၅၄ပေရှိ ရေထိန်းကွန်ကရစ်တမံ(Concrete Gravity Dam)၊အချင်း ၃၃ပေ၊ အလျားပေ ၈၅၀ရှိ ရေလွှဲဥမင်လိုဏ်၊ အချင်း၂၃ပေ၊ အလျား ၃ ဒသမ ၁၂မိုင်ရှိ ရေသွယ်ဥမင်လိုဏ်တို့ကို တည်ဆောက်၍ ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

နမ့်ခမ်းမြို့နယ် ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၁၉၈၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အတွင်း အထက(၄)အင်းစိန်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက(၄) အင်းစိန်ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက် ပူဇော်ကန်တော့နိုင်ရန်နှင့် အလှူငွေများကို ဖုန်း-၀၉-၅၀-၁၆၇၃၂၊ ၀၉-၈၀-၂၄၄၈၉၊ ၆၄၃၇၃၄နှင့် ၆၄၀၂၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှောဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ နားဝင်ငြိမ့်စီး သီးချင်းကြီး
- **၄:၂၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၀** ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ပထမနှစ် စိတ်ပညာ (Scope and methods of Social Psychololgy)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသိကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တစ်ရေးချစ်ခွင့် (အပိုင်း-၁၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (အပိုင်း-၃၁)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

* ဖွံ့ဖြိုးရေးဒေသ(၄)ခုမှ

စုစည်းနေထိုင်မှု၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု အခြေအနေများ၊ ပြည်နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုများ၊ မြေယာအသုံးချနိုင်မှုနှင့် ဒေသဝမ်းစာ ဖူလုံမှုအခြေအနေများ၊ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်မှုများ၊ ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ ဒေသအတွင်း ရွှေလီရေအားလျှပ်စစ် စီမံကိန်းအပါအဝင် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ၊ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ပထမကာလတိုလေးနှစ်စီမံကိန်းနှင့် ဒုတိယကာလတိုငါးနှစ်စီမံကိန်းတို့ကို လျာထားချက်ထက် ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှု၊ ယခုတတိယကာလတို ငါးနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုစသည့် နိုင်ငံတော်စီးပွားရေး၏ အလားအလာကောင်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ကဏ္ဍတိုင်းတွင် စီမံကိန်းရည်မှန်းချက်များ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်မှုများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

လျှပ်စစ်ဓာတ်အား

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က တတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် ရွှေလီရေအား လျှပ်စစ်စီမံကိန်း အပါအဝင် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများ အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ခိုင်မာသည့် အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသအကျိုး၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် စေတနာထား အပင်ပန်းခံ ဆောင်ရွက်ရန်လိုအပ်ပုံ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးပုံနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုရရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်

စီးပွားရေးတိုးတက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၏ စီးပွားရေးအခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍသည်လည်း စိုက်ပျိုးမြေဧက တိုးတက်သကဲ့သို့ တစ်ဧကအထွက်နှုန်းလည်း တိုးတက်လျက်ရှိကြောင်း။

အထူးသဖြင့် စပါးသီးနှံ စိုက်ပျိုးရာ၌ အထွက်ကောင်းမျိုးများကို ပြောင်းလဲသုံးစွဲနိုင်သဖြင့် ဒေသဆန်ဖူလုံမှု ရာခိုင်နှုန်းမြင့်မားလာလျက်ရှိကြောင်း၊ စိုက်ပျိုးစရိတ်သက်သာပြီး ဝင်ငွေတိုးတက်စေရေးအတွက် သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးစားရမှာဖြစ်သကဲ့သို့ လယ်ယာသုံးစက်ကိရိယာများသုံးစွဲ၍ လုပ်ငန်းမြန်မြန်ပြီးစီးအောင် သီးထပ်အချိန်မီ စိုက်ပျိုးနိုင်အောင် ဆက်လက်ကြိုးစားသွားရမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ လယ်ယာကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ နယ်စပ်ကုန်သွယ်မှုသည်လည်း ဖွံ့ဖြိုးအောင်မြင်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်သွားကြရန်လိုကြောင်း။

မှန်မှန်ကန်ကန်ရေးဆွဲ

လယ်ယာကိန်းဂဏန်း၊ ကုန်သွယ်မှုကိန်းဂဏန်းများနှင့် စပ်လျဉ်း၍ ဖောင်းပွမှု၊ မမှန်ကန်မှုများ မဖြစ်ရအောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုရန်လည်း အရေးကြီးကြောင်း၊ ကိန်းဂဏန်းစာရင်းဇယား မှန်ကန်မှုလည်း စီမံကိန်းများကို မှန်မှန်ကန်ကန်ရေးဆွဲချမှတ်နိုင်မှာ ဖြစ်ကြောင်း။

တစ်ဖက်မှ စီးပွားရေးအခြေအနေတိုးတက်နေသကဲ့သို့ ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေတို့သည်လည်း ဖွံ့ဖြိုးမြင့်မားလာလျက်ရှိကြောင်း၊ အခြားပြည်နယ်၊ တိုင်းများကလည်း အလားတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျမကျန်ရစ်အောင် ကြိုးစားနေရမှာဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအားလုံး၊ တိုင်းရင်းသားလူမျိုးအားလုံး ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီး တစ်ရပ်လုံးမှာဖြစ်စေ၊ ပြည်နယ်၊ တိုင်းအလိုက်မှာဖြစ်စေ တိုင်းရင်းသားညီအစ်ကိုများသည် ချစ်ချစ်ခင်ခင် အတူလက်တွဲ နေထိုင်လျက်ရှိကြကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌လည်း ရှမ်း၊ ပလောင်၊ ဝ၊ ကိုးကန့်၊ ကချင်၊ ဗမာ စသည့် တိုင်းရင်းသားတို့သည် အတူတကွ ညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း။

ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ တစ်လုံးတစ်စည်းတည်းနေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်ရေးတို့ကို ဆက်လက်၍ အားသွန်ခွန်စိုက် လုပ်ကိုင်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းမှာကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြို့တော်ခန်းမသို့ရောက်ရှိလာပြီး ရှင်းလင်းမှာကြားရာတွင် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရာ၌ အခြေခံအားဖြင့် နယ်မြေဒေသအားလုံး အေးချမ်းတည်ငြိမ်နေရန် လိုအပ်ကြောင်း။

ထို့အတူ နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည်လည်း ခိုင်မာတောင့်တင်းနေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးတောင့်တင်းခိုင်မာအောင် စီမံကိန်းများရေးဆွဲချမှတ်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးအထူးဒေသများ စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကိုကွက်ပြည့်ချ၍ အကောင်အထည် ဖော်လျက်ရှိရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းအားလုံး နှစ်တိုကာလအတွင်းသိသိသာသာ ဖွံ့ဖြိုးတိုးတက်လာကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရန်မှာ ပြည်နယ်၊ တိုင်း ၁၄ ခုလုံး ဖွံ့ဖြိုးရန် လိုအပ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းများ ဖွံ့ဖြိုးရန်မှာလည်း ခရိုင်နှင့် မြို့နယ်အားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရမှာဖြစ်ကြောင်း။

ယှဉ်တွဲတိုးတက်လာ

ယခင်က ရှမ်းပြည်နယ်ကိုကြည့်လျှင် ပြည်နယ်ရုံးစိုက်ရာ တောင်ကြီးဒေသတစ်ဝိုက်၌သာ ဖွံ့ဖြိုးမှုအားကောင်းခဲ့ကြောင်း၊ ယခုအခါ တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသဟူ၍ ဖွံ့ဖြိုးရေး ဒေသလေးခု သတ်မှတ်ကာ ရှမ်းပြည်နယ်တစ်ခုလုံး ကွက်ပြည့်ဖွံ့ဖြိုးလာအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်လိုက်သည့်အတွက် ယခင် ရှမ်းပြည်နယ်၏ အခြေအနေနှင့် မတူတော့ဘဲ နယ်စပ်ဒေသများပါမကျန် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရော၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပါ သိသာစွာ ယှဉ်တွဲ တိုးတက်လာနေပြီ ဖြစ်ကြောင်း။

ယင်းသို့ ပြည်ထောင်စုကြီးတစ်ရပ်လုံး သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်မှာ မိမိတို့အားလုံး ညီညီညွတ်ညွတ် အားထုတ်ကြိုးပမ်း လုပ်ကိုင်ခဲ့ခြင်းကြောင့်ဖြစ်ရာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံးက အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူလုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လောက်ကိုင်မြို့သို့

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)မှ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)ဧည့်ခန်းမ၌ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံရာ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်က ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးအခြေအနေ၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်ပေးနေ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကိုးကန့်ဒေသ အပါ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) ဧည့်ခန်းမ၌ ကိုးကန့် တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံရာ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဥပုသ်နေ့မှတ်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဆောင်ရွက်လိုက်သည့်အတွက် ယခင် ရှမ်းပြည်နယ်၏ အခြေအနေနှင့် မတူတော့ဘဲ နယ်စပ်ဒေသများပါမကျန် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရော၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပါ သိသာစွာ ယှဉ်တွဲ တိုးတက်လာနေပြီ ဖြစ်ကြောင်း။

ယင်းသို့ ပြည်ထောင်စုကြီးတစ်ရပ်လုံး သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်မှာ မိမိတို့အားလုံးညီညီညွတ်ညွတ် အားထုတ်ကြိုးပမ်း လုပ်ကိုင်ခဲ့ခြင်းကြောင့် ဖြစ်ရာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံးက အောက်ခြေအထိ ကွင်းဆင်းပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူလုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လောက်ကိုင်မြို့သို့

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)ညှိနှိုင်းခန်းမ၌ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံရာ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်က ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးအခြေအနေ၊ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်ပေးနေ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကိုးကန့်ဒေသ အပါ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ညှိနှိုင်းခန်းမ၌ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားညီအစ်ကိုများ၏ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးရေး အမြဲမပြတ် လေ့လာသုံးသပ်၍ ဖြည့်ဆည်းပေးနေ

အဝင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပေးထားပြီး မိမိတို့ အလေးထားဆောင်ရွက်ပေးနေကြောင်း၊ မိမိတို့ တိုင်းရင်းသား ညီအစ်ကိုများဖြစ်သည့် ကိုးကန့်တိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း မိမိတို့ အမြဲမပြတ် လေ့လာသုံးသပ်၍ ဖြည့်ဆည်းပေးနေကြောင်းဖြင့် ရင်းနှီးစွာ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများအား လက်ဆောင်များပေးအပ်၍ ရင်းနှီးစွာ နှုတ်ဆက်သည်။

ပေးအပ်

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က

ဟင်းသီးဟင်းရွက်မျိုးစေ့များကိုပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) အစည်းအဝေးခန်းမ၌ လောက်ကိုင်ခရိုင်နှင့် လောက်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လောက်ကိုင်တပ်နယ်မှ တပ်

နိုင်မှု၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်မှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဓာတများကို အပြည့်အဝ အသုံးချ၍ စားနပ်ရိက္ခာဖူလုံအောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရန် အရေးကြီးပုံ၊ အိမ်နီးချင်း တစ်ဖက်နိုင်ငံနှင့် အစဉ်အလာ ရင်းနှီးချစ်ကြည်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

နာမည်ကျော်ကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် ဤဒေသသည် တစ်ချိန်တစ်ခါက မူးယစ်ဆေးဝါးဖြင့် နာမည်ကျော်ကြားသည့် ဒေသဖြစ်ခဲ့ကြောင်း၊ ယခုအခါ တိုင်းရင်းသား ခေါင်းဆောင်များသည် နိုင်ငံတော်နှင့် လက်တွဲ၍ ဒေသတည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်အောင် အားထုတ်ကြိုးပမ်းလျက် ရှိကြကြောင်း။

ထို့ကြောင့် ဤဒေသတွင် ရောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ဒေသသားအဖြစ်ခံယူကာ ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ တပ်မတော်သားများ၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကုန်းကြမ်းမြို့သို့

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

မတော်သားများနှင့် မိသားစုများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လောက်ကိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဇော်က လောက်ကိုင်ခရိုင်၏ အကျယ်အဝန်း၊ စိုက်ပျိုးမြေဧက၊ မိုးစပါးနှင့်ပြောင်း၊ ကြံတို့ အဓိကထားစိုက်ပျိုးမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးမှု၊ ဒေသဝမ်းစာ ဖူလုံရေးဆောင်ရွက်နေမှု၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်

ပြည်ထောင်စုစိတ်ဓာတ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများအနေဖြင့် တစ်လုံးတစ်စည်းတည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သားစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံ၊ ရေမြေသယံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ညှိနှိုင်းခန်းမ၌ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်စဉ်။ (သတင်းစဉ်)

ဝိပဿနာတရား ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တ ကုန္ဒကသည် မန္တလေးတိုင်း တံတားဦးမြို့ သူငယ်တော် တောရကျောင်းတိုက်၌ မတ် ၁ ရက်နှင့် ၂ ရက် ညများတွင် ဗုဒ္ဓနည်းမှန် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

✡ **စာမျက်နှာ ၉ မှ**

လောက်ကိုင်မြို့မှ ကုန်းကြမ်းမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ကုန်းကြမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးသက်တင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဒေသခံတပ်ရင်းသို့ သွားရောက်ကြပြီး ကုန်းကြမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ တပ်မတော်သားနှင့် မိသားစုများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်း အားထုတ်လုပ်ကိုင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြပြီး တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်) အစည်းအဝေးခန်းမ၌ လောက်ကိုင်ခရိုင်နှင့် လောက်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လောက်ကိုင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကုန်းကြမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် မိသားစုများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်မှာကြားစဉ်။ (သတင်းစဉ်)

မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အစာစပ်စက်ရုံ(လှော်ကား) ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ တစ်နာရီ ၁၀တန်ကျ အစာစပ်စက်ရုံ(လှော်ကား)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာအုပ်စု အမှတ် (၄)လမ်းမကြီး၏ အရှေ့ဘက်ရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့်မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးတို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက စက်ရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နာရီ ၁၀ တန်ဖြစ်၍ ကွန်ပျူတာသုံး လျှပ်စစ်ထိန်းချုပ်မှုစနစ်ဖြင့် ထုတ်လုပ်နိုင်ပြီး စက်စွမ်းအားပြည့် လည်ပတ်ချိန်တွင် တစ်လလျှင် ငါးစာတောင့်တန်ချိန် ၅၀၀၀ခန့် ထုတ်လုပ်နိုင်သည်။ (သတင်းစဉ်)

စီးပွားရေး အကြံဉာဏ်ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

Access Spectrum Co., Ltd.၊ Ta Fa Trading Co., Ltd. United Paints Group Co., Ltd. နှင့် တူဒေး စာနယ်ဇင်းထုတ်ဝေရေးလီမိတက်တို့၏ ပံ့ပိုးကူညီမှုဖြင့် Executive စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက စီစဉ်ကျင်းပသည့် စာရေးဆရာ မောင်စူးစမ်း၏ Business and Economics Ideas 2004ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ရှိ Grand Plaza Parkroyal ၌ ကျင်းပရာ ကုမ္ပဏီများမှ ထိပ်တန်းအမှုဆောင်များ၊ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့စီးပွားရေး အခြေအနေ အရပ်ရပ်ကို အခန်း(၁) ပုံကြီးအိုင်ဒီယာများ၊ အခန်း(၂) ပုံလတ်အိုင်ဒီယာများ၊ အခန်း(၃) ပုံသဏ္ဌာန် ပြောင်းလဲခြင်းနှင့် လေ့လာဆည်းပူးနေသော အဖွဲ့အစည်း၊ အခန်း(၄) ဟားဗတ်ဘိစနက်ရီဗျူး အမြင်များ စသည်ဖြင့် အပိုင်းကြီးလေးပိုင်းခွဲပြီး ဟောပြောခဲ့ကြသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်း အတွက်မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၉-၂-၂၀၀၄)ရက်နေ့
၂၀၀၄ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄)ရက်နေ့နှင့်
(၂၈-၃-၂၀၀၄)ရက်နေ့

ရောင်းအားမြှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

BAJAN & BROTHERS ကုမ္ပဏီလီမိတက်နှင့် MYANMAR NEW STAR GROUP မှ တင်သွင်းသော (U.A.E နိုင်ငံထုတ်) Super Power Lubricants ၏ ဒုတိယ အကြိမ်မြောက် မိတ်ဆုံစားပွဲ၊ ရောင်းအားမြှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် ညနေက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ဂရင်းဘောလ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ)ဦးဘဂျမ်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး**(ဝဲပုံ)** ရောင်းအားအကောင်းဆုံး ရောင်းချပေးခဲ့သော ကိုယ်စားလှယ်များအား ဆုချီးမြှင့်ရာ ပထမဆုကို တောင်ကြီးမြို့မှ စာရေးကြီးကားပစ္စည်းဆိုင်မှလည်းကောင်း၊ ဒုတိယဆုကို ကိုစိုးမြင့်ထွန်း (ဆင်မလိုက်ကားပစ္စည်းဆိုင်)က လည်းကောင်း၊ တတိယဆုကို HHH အင်ဂျင်ဝိုင်ရောင်းဝယ်ရေး (တာမွေ)က လည်းကောင်း အသီးသီး ဆုချီးမြှင့်ခဲ့သည်။ (က-ပ)

ဈေးမှာချရောင်းမယ့် ကြက်တွေကို သေသေချာချာ စစ်ဆေးပြီးမှ ရောင်းချခွင့်ပြုတဲ့အတွက် ပြည်သူများ စိတ်ချလက်ချ စားသုံးနိုင်

❍ **ကျော်ဖုံးမှ**

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကို တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ယနေ့ နိုင်ငံအချို့မှာ ဖြစ်ပေါ်နေတဲ့ ကြက်၊ ငှက်တုပ်ကွေးရောဂါ အခြေအနေကို သိပါရစေ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေးရောဂါ အခြေအနေကို ပြောရမယ်ဆိုရင် အခြားနိုင်ငံတွေရဲ့ အခြေအနေတွေကနေ စပြောရမှာဖြစ်ပါတယ်။ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁၅ရက်နေ့က တောင်ကိုရီးယားမှာ စဖြစ်ပြီး ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်နေ့မှာတော့ ကနေဒါနိုင်ငံမှာ ဖြစ်တယ်လို့ သိရပါတယ်။ အခု ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေတာ ကမ္ဘာပေါ်မှာ ၁၂နိုင်ငံ ရှိသွားပြီဖြစ်ပါတယ်။ ဇန်နဝါရီလမှာ ဖြစ်ပွားမှုစိပ်ပြီးတော့ ဖေဖော်ဝါရီလမှာတော့ ဖြစ်ပွားမှုကျဲသွားတာကို တွေ့နေရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေအထားကိုကြည့်မယ်ဆိုလျှင် ဒီနေ့အထိ ဖြစ်ပွားမှုမရှိသေးပါဘူး။ ဘာ့ကြောင့် မဖြစ်တာလဲဆိုလို့ရှိရင် ကျွန်တော်တို့ အနေနှင့် သတင်းရတာနဲ့ ဝင်ပေါက်တွေကို ပိတ်လိုက်တယ်။ ဂိတ်ပေါက်တွေကနေ စောင့်ကြည့်တယ်။ ထိုင်းနယ်စပ် ၁၅မြို့နယ်မှာရှိတဲ့ ကြက်တွေကို စစ်ဆေးစေပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ ကြက်ခြံတွေကို စောင့်ကြည့်ခိုင်းတယ်။ ကြက်မှာဖြစ်တတ်တဲ့ အခြားရောဂါတွေ ဖြစ်လာရင်လဲ ဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးတယ်။ မွေးမြူရေးနှင့်

"စနစ်တကျပညာပေးနိုင်တာကြောင့် ကျွန်တော်တို့နိုင်ငံမှာ ယနေ့အထိ ကြက်ငှက်တုပ်ကွေးရောဂါ မပေါ်ပေါက်သေးတာ ဖြစ်ပါတယ်" (ဒေါက်တာသန်းထွန်း၊ ညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန။) ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ဆက်စပ်နေတဲ့ လူတွေကိုလည်း စစ်ဆေးစေတယ်။ အဲဒီလို အရှိန်မြှင့်စစ်ဆေးခဲ့တာဟာ ပြည်နယ်နှင့်တိုင်း ၁၄ ခုမှာရှိတဲ့ စီးပွားဖြစ် မွေးမြူရေးခြံပေါင်း ၆၅၄၅ ခြံမှာ ရှိတဲ့ ကြက်ကောင်ရေပေါင်း ၇ ဒသမ ၃ သန်း စစ်ဆေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်တွေကိုလည်း ဝန်ကြီးဌာနကို နေ့စဉ် တင်ပြခဲ့ပါတယ်။

ဒါ့အပြင် ပြည်နယ်နှင့် တိုင်းတွေမှာ ပညာပေးဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီနေ့အထိ ပြည်နယ်နှင့်တိုင်း ရှစ်ခုမှာ ၃၇ ကြိမ် ပြုလုပ်ပြီးပါပြီ။ ဟောပြောတဲ့နေရာမှာလည်း မွေးမြူရေးနှင့် ဆက်စပ်နေသူတွေသာမက စားသုံးသူတွေကိုပါ ဘယ်လိုချက်ပြုတ် စားသောက်ရမယ်ဆိုတာ ဟောပြောခဲ့ပါတယ်။ နောက်ပြီး ကျန်းမာရေးဦးစီးဌာနမှာရှိတဲ့ ပညာရှင်တွေနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပညာရှင်တွေ ပူးပေါင်းပြီး ဒီရောဂါနှင့် ပတ်သက်တဲ့ ဆွေးနွေးပွဲလုပ်တာလည်း သုံးကြိမ်ရှိပါပြီ။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနမှာလည်း ရန်ကုန်တိုင်း မွေးမြူရေးအဖွဲ့ချုပ်က ဦးစီးပြီး ဟောပြောပွဲတွေ လုပ်ပါတယ်။ အဲဒီမှာ စားသုံးသူတွေ ဘယ်လိုချက်ပြုတ်စားသုံးရမယ်ဆိုတာ ပါသလို မွေးမြူရေးသမားတွေအနေနှင့် ရှောင်ရန်၊ ဆောင်ရန်တွေကို ဟောပြောခဲ့ပါတယ်။ ဒီဟောပြောပွဲမှာ မဂ္ဂဇင်း၊ ဂျာနယ်က စာနယ်ဇင်းသမားတွေ ပါတဲ့အတွက် ဟောပြောပွဲ အပြီးမှာ ကာကွယ်ဆေး၊ ကုသဆေး ရှိပါသလားဆိုတဲ့ မေးခွန်းမျိုးတွေလည်း မေးပါတယ်။ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေအနေနှင့် ကာကွယ်ဆေးကတော့ မရှိသေးပါဘူး၊ ကုသဆေးတွေကတော့ အဆင်သင့်ရှိပါတယ်လို့ ဖြေကြားခဲ့ပါတယ်။

မေး။ ။မွေးမြူရေးသမားတွေ အနေနှင့်ကရော ဆရာတို့ အခုလို ပညာပေးဟောပြောမှုတွေအပေါ် လိုက်နာမှုရှိပါသလား၊ ပါဝင်ကူညီမှုရော ရှိပါသလား။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်ကလည်း ကြက်များကို စနစ်တကျ သယ်ဆောင်ဖို့နှင့် လတ်လတ်ဆတ်ဆတ် ချက်စားသင့်ကြောင်း ရှင်းပြခဲ့သည်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ဖြေ။ ။ဟုတ်ကဲ့ ရှိပါတယ်။ သူတို့အနေနှင့်ကလည်း စိုးရိမ်ကြောင့်ကြမှုတွေရှိပါတယ်။ ကြက်ခြံတစ်ခုမှာ ရောဂါနည်းနည်းဖြစ်လိုက်တာနှင့် ချက်ချင်းလာရောက်သတင်းပို့ကြပါတယ်။ ကျွန်တော်တို့အပိုင်းကလည်း ရောဂါကို ချက်ချင်းစစ်ဆေးပေးပြီး ဘာရောဂါဆိုတာ ခွဲခြားပေးပါတယ်။

မေး။ ။နိုင်ငံတကာက သတင်းအချက်အလက်တွေကိုရော ဆရာတို့အနေနှင့် ရရှိအောင် ဘယ်လိုဆောင်ရွက်ပါသလဲ။

ဖြေ။ ။ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်တဲ့ သတင်းတွေကို အင်တာနက်ကနေပြီးတော့ နေ့စဉ် ထုတ်ယူပါတယ်။ FAO က ပို့တဲ့ သတင်းတွေလည်း ရှိပါတယ်။ ပြင်သစ်နိုင်ငံမှာရှိတဲ့ တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်က ပေးပို့တဲ့ သတင်းတွေကို ကျွန်တော်တို့အနေနှင့် ကူးယူပြီး သက်ဆိုင်ရာဌာနတွေကို ဖြန့်ဝေပေးပါတယ်။ အဲဒီလို စနစ်တကျ ပညာပေးနိုင်တာကြောင့်လဲ ကျွန်တော်တို့နိုင်ငံမှာ ယနေ့အထိ ကြက်ငှက်တုပ်ကွေးရောဂါ မပေါ်ပေါက်သေးတာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

မေး။ ။အခုအထိ ကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်အောင် ဆောင်ရွက်ထားနိုင်သလို နောင်ကိုလည်း ကျွန်တော်တို့နိုင်ငံကို ဒီရောဂါမကျရောက်အောင် ဆရာတို့အနေနှင့် ဘယ်လိုအစီအစဉ်များ ဆောင်ရွက်ထားပါသလဲ၊ သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့နိုင်ငံမှာ နောင်ကိုလည်း ဒီကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်နိုင်အောင် ကျွန်တော်တို့အနေနှင့် ဘယ်လိုဆောင်ရွက်ကြမယ်၊ ပြည်သူတွေအနေနှင့်လည်း ကြက်သားကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်အောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာ ကျွန်တော်တို့ စဉ်းစားထားရပါတယ်။ **အခုအချိန်မှာ ပြည်ပနိုင်ငံတွေမှာလည်း ဒီရောဂါဖြစ်ပွားမှု ကျဲလာသလို ရာသီဥတုအနေနှင့်လည်း ပူနွေးလာပြီ ဖြစ်ပါတယ်။ ရာသီဥတုပူလာရင် ဒီရောဂါလည်း ပပျောက်သွားနိုင်တယ်ဆိုတဲ့ ယူဆချက် ကျွန်တော်တို့မှာ ရှိပါတယ်။** ကျွန်တော်တို့အနေနှင့် တစ်ပြည်လုံးအတိုင်းအတာနှင့် သတိရှိရှိ ဆောင်ရွက်ထားကြပြီးဖြစ်တဲ့ ပညာပေးမှုတွေကြောင့် ကြက်မွေးမြူသူတွေရော၊ ကြက်ရောင်းတဲ့လူတွေပါ ပညာပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်နေကြပါတယ်။ နောင်လဲ စဉ်ဆက်မပြတ် ဆောင်ရွက်နေအောင် ကျွန်တော်တို့ အနေနှင့် ဆက်လက်ကြိုးစားသွားပါမယ်။

နောက်တစ်ချက် စောင့်ကြည့်ရမှာကတော့ ငှက်တွေပါပဲ။ သိပ်အေးတဲ့အရပ်က ငှက်တွေဟာ အခုလို ပူနွေးတဲ့ ရာသီမှာ ကျွန်တော်တို့နိုင်ငံကို လာတတ်ပါတယ်။ အဲဒီငှက်တွေမှာ ရောဂါပါလာရင် အဲဒီငှက်တွေကနေ ငှက်ငှက်ချင်း ကူးပြီး အဲဒီကမှတစ်ဆင့် မွေးမြူရေးကြက်တွေကို ကူးလာနိုင်ပါတယ်။ ဒါကြောင့် အဲဒီငှက်တွေကို စောင့်ကြည့်ဖို့ လိုပါတယ်။

နောက်တစ်ချက်ကတော့ ကြက်တွေ သယ်ယူတဲ့နေရာမှာ ဓာက်ထိုးဆွဲမသယ်ဘဲနှင့် ခြင်းတွေနှင့် သယ်ယူကြရပါမယ်။ အဲဒါကိုလည်း ကဏ္ဍတစ်ခုအနေနှင့် ပညာပေးရမှာဖြစ်ပါတယ်။ ဒီလို အစဉ်တစိုက်လုပ်သွားမယ်ဆိုရင် ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်တားဆီးသွားနိုင်မှာဖြစ်ပါတယ်ဟု ရှင်းပြသည်။

ထို့နောက်မိမိတို့အဖွဲ့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစု၊ ရောဂါပျံ့နှံ့မှုလေ့လာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဩမောင်ကို ထပ်မံတွေ့ဆုံခဲ့ပါသည်။

မေး။ ။ ဆရာတို့ ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစု အနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး ဘယ်လိုများ ဆောင်ရွက်ထားရှိတယ်ဆိုတာလေး သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့ ဌာနစုအနေနှင့် အနယ်နယ်အရပ်ရပ်မှ ရောဂါဖြစ်ပွားတဲ့ ကြက်တွေကို လာရောက်ပေးပို့တဲ့အခါမှာသော်လည်းကောင်း၊ နယ်မြေဒေသအချို့မှာ ကူးစက်ရောဂါ ကျရောက်နေတယ်လို့ သတင်းရရှိတဲ့အခါမှာသော်လည်းကောင်း ရောဂါနမူနာ ပစ္စည်းများကို ရယူပြီး တိကျတဲ့ရောဂါကို အဖြေရှာဖော်ထုတ်ပေးပါတယ်။ အခုရာသီမှာ မြန်မာနိုင်ငံမှာ ကြက်လည်လိမ်ရောဂါ ဖြစ်ပွားတတ်တဲ့အချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနစုအနေနဲ့ ရောဂါကျရောက်တဲ့ ကြက်ခြံကို ကွင်းဆင်းစစ်ဆေးကြပါတယ်။ ပထမ မျက်မြင်အနေအထားကို စစ်ဆေးပါတယ်။ နောက်ပြီး မွေးမြူမှုကောင်ရေ၊ သေဆုံးမှုကောင်ရေ၊ မွေးမြူရေးစနစ်၊ ကာကွယ်ဆေးသုံးစွဲမှုတွေ မေးမြန်းပြီး မှတ်တမ်းတင်ထားပါတယ်။ သေဆုံးတဲ့ကြက်၊ ရောဂါဖြစ်နေတဲ့ ကြက်တွေကို ဓာတ်ခွဲခန်းမှာ ရောဂါစစ်ဆေးပါတယ်။ ကျန်းမာနေတဲ့ကြက်တွေရဲ့ သွေးရည်နမူနာကို ယူပြီး ဓာတ်ခွဲစမ်းသပ်စစ်ဆေးပါတယ်။

ကြက်အသေကောင်ကို ခွဲစိတ် ဓာတ်ခွဲစစ်ဆေးပြီးတော့မှ ပဏာမအနေနဲ့ ဒီရောဂါဟာ ဘာရောဂါဖြစ်ပါတယ်ဆိုတာ ကြက်ခြံကို ပြန်ကြားပေးပါတယ်။ အဲဒီလိုစစ်ဆေးပြီးမှ အဲဒီ ကြက်အစိတ်အပိုင်းတွေကို ဘက်တီးရီးယားဓာတ်ခွဲခန်းနှင့် ဗိုင်းရပ်(စ်) ဓာတ်ခွဲခန်းတွေကို ပို့ပြီးတော့ ပိုးမျိုးစစ်ဆေးတာတွေကို ဆောင်ရွက်ပါတယ်။ နောက်ပြီး ကြက်ရဲ့ လေပြွန်၊ အူ၊ စအို စသည်တို့မှ ရောဂါနမူနာပစ္စည်းတို့ပတ်တွေကို SD Bioline Avian Influenza Virus

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါရှာဖွေထိန်းချုပ်ရေးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဩမောင်က ၎င်းတို့ဌာနစု၏ ဆောင်ရွက်ထားရှိမှုများကို ရှင်းပြစဉ်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

Antigen Test နဲ့ ကျန်းမာရေးဌာနက ဝန်ထမ်းများနှင့် ပူးပေါင်းပြီး စစ်ဆေးကြပါတယ်။

သေဆုံးတဲ့ ကြက်သေတွေကိုလည်း ဒီရောဂါ ရှိ၊ မရှိ စစ်ဆေးရာမှာ အတွင်းအင်္ဂါ အစိတ်အပိုင်းများနှင့် အစာချေလမ်းကြောင်းမှာရှိတဲ့ အတွင်းပစ္စည်းတွေ စစ်ဆေးနိုင်ရန်အတွက် အမြဲပေးပို့ပြီး စစ်ဆေးစေပါတယ်။

ဒီလိုစစ်ဆေးနေချိန်မှာပဲ မော်လမြိုင်ဘက်မှာ ကြီးကန်းတွေ ကျတယ်ဆိုတဲ့ သတင်းကို ကျွန်တော်တို့ ရရှိခဲ့ပါတယ်။ ကြီးသေ ငါးကောင်ကိုလဲ စစ်ဆေးဖို့ ပေးပို့ရာမှာ ဖေဖော်ဝါရီ ၁၇ရက်မှာ ရရှိခဲ့ပါတယ်။ ဒါကြောင့် ကျန်းမာရေးဌာနမှ ဆရာဝန်ကြီးများနှင့် ပူးပေါင်းပြီး ပဏာမစစ်ဆေးဆောင်ရွက်ခဲ့ရာမှာ Avian Influenza မဟုတ်ဘူးဆိုတာ တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့် လေပြွန်၊ အူလမ်းကြောင်း၊ စအိုတို့ပတ်တွေကို ယူပြီး စစ်ဆေးစမ်းသပ်တဲ့အခါမှာလဲ Avian Influenza မဟုတ်ကြောင်း တွေ့ရှိရပါတယ်။ နောက် ကျွန်တော်တို့အနေနှင့် ကြီးကန်းရဲ့ အတွင်းကလီစာတွေကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဓာတုဗေဒရုံးကို ပို့ပြီး ဆက်လက်စစ်ဆေးစေပါတယ်။

ညွှန်ကြားရေးမှူးချုပ်နှင့် ကျွန်တော်တို့ ကိုယ်တိုင် မော်လမြိုင်ကို လိုက်သွားပြီး စစ်ဆေးကြည့်ရှုရာမှာ အခြားနေရာတွေမှာ မဖြစ်ဘဲ ဒီတစ်နေရာမှာသာ ကွက်ဖြစ်တဲ့အတွက် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်နိုင်ဘူးလို့ ယူဆခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ဓာတုဝန်ရုံးက စစ်ဆေးချက်က ဆိုက်ပါမီသရင်း (Cypermethrin) အဆိပ်မိလို့ သေတယ်လို့ အကြောင်းပြန်တဲ့အတွက် မော်လမြိုင်က လူတွေကို အဲဒီ ကျီးတွေဟာ အဆိပ်မိလို့ သေကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်"ဟု ရှင်းပြခဲ့သည်။

ထို့နောက် မိမိတို့အဖွဲ့သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်ကိုလည်း သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ဆရာတို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေနှင့် ဆောင်ရွက်ထားရှိမှုများအပေါ် ဆရာအနေနှင့် ဘာများ ဖြည့်စွက်ပြောကြားလိုပါသလဲခင်ဗျာ။

ဖြေ။ ။ကျွန်တော်တို့ဌာနအနေနှင့် ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဒီကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေတဲ့ သတင်း ကြားလျှင် ကြားချင်းပဲ နယ်စပ်ဂိတ်တွေကို ပိတ်ပါတယ်။ လေဆိပ်၊ ရေဆိပ်တွေမှာလဲ ကြက်ကိုရော ကြက်နှင့်ပတ်သက်တဲ့ ပစ္စည်းကိုရော ပိတ်ပင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မတားနိုင်တာ တောရိုင်းတိရစ္ဆာန်တွေကိုပါပဲ။ ဆောင်းကာလမှာ ကမ္ဘာ့မြောက်ခြမ်းမှာရှိတဲ့ ငှက်တွေဟာ ပူနွေးတဲ့ ကျွန်တော်တို့ အီကွေတာနိုင်ငံတွေကို ရောက်လာတတ်ကြပါတယ်။ ဒါကြောင့် သူတို့နှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါ ပါလာနိုင်ပါတယ်။ တချို့နိုင်ငံ

"နိုင်ငံတကာ အတွေ့အကြုံအရရော၊ ကျွန်တော်တို့နိုင်ငံရဲ့ အတွေ့အကြုံအရပါ ကြက်သားစားသုံးသူတွေမှာ ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားတာ မတွေ့ရသေးပါဘူး" [ဒေါက်တာစိုးလွင်ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး(ကူးစက်)၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း]။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

တွေမှာလည်း ဆောင်းခိုငှက်တွေက ဖြစ်တယ်လို့ ကြေညာတာတွေ ကြားသိရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ တောရိုင်းတိရစ္ဆာန်တွေရဲ့ စည်းကမ်းဥပဒေအရ သူတို့ရဲ့ အသိုက်အမြုံတွေကို ဖျက်ဆီးပစ်လို့တော့ မရပါဘူး။ သူတို့ကို စောင့်ကြည့်နေရပါတယ်။

သေဆုံးမှုတို့ ဘာတို့တွေ့ရင်တော့ အနီးဆုံးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို အကြောင်းကြားပါ။ အဲဒီလိုမှ အကြောင်းမကြားနိုင်ရင်တော့ ခြောက်ပေလောက် တွင်းအနက်တူးပြီး ထုံးမှုန့်ဖျန်း မြေမြှုပ်ပစ်ရပါမယ်။ သေဆုံးမှုကောင်ရေ များရင်တော့ ၁၅ပေလောက် အနက်တူးပြီး မြှုပ်ရပါမယ်။ ဒါကတော့ တောရိုင်းတိရစ္ဆာန်အပိုင်း ဖြစ်ပါတယ်။

ကြက်မွေးမြူရေး ခြံတွေမှာတော့ ကျီးကန်းတွေ၊ ခိုတွေ၊ စာကလေးတွေ ကြက်ခြံထဲမဝင်နိုင်အောင် ပိုက်တို့၊ သံဆန်ခါတို့ ကာရံထားပြီး ငှက်တွေမှတစ်ဆင့် ရောဂါကူးနိုင်မှုကို တားဆီးဆောင်ရွက်ဖို့လိုပါတယ်။ ဒီငှက်တွေကိုလည်း ကြက်ခြံအနီး မလာနိုင်အောင် ခြောက်လှန့်တားဆီးထားနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

ကြက်သားစားသုံးသူတွေအနေနှင့်လည်း ကျွန်တော်တို့နိုင်ငံမှာ ယခုထက်ထိ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးတဲ့အတွက် **ပွက်ပွက်ဆူအောင်ကြော်၊ ချက်စားရင် အန္တရာယ်မရှိပါဘူး။** ကြက်ကိုင်တဲ့ လူအနေနှင့်ကတော့ ကြက်သွေးတွေ ဘာတွေ မိမိကိုယ်ကိုမထိ၊ မစဉ်အောင် ကိုင်တွယ်ပြီး လက်တွေကိုလည်း ဆပ်ပြာနှင့် စင်စင်ကြယ်ကြယ် ဆေးကြောဖို့လိုပါတယ်။ ကြက်ကို ကိုင်တွယ်တဲ့အခါမှာ အဆစ်ကလေးတွေအလိုက် ဖြုတ်ပြီး ကိုင်တွယ်ရင် အလွယ်တကူ ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုကတော့ ကြက်တွေကို တစ်နေရာက တစ်နေရာကို သယ်တဲ့အခါ သက်သက်သာသာနှင့် သယ်ဆောင်ရမှာဖြစ်ပါတယ်၊ စက်ဘီးတွေနှင့် တွဲလောင်းသယ်တာမျိုး၊ ကားနောက်မှာ တွဲလောင်းသယ်တာမျိုး မလုပ်ဘဲနှင့် သူတို့ကို ခြင်းစသည်တို့နှင့် စနစ်တကျ သယ်ဖို့လိုပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၁၁ မှ

ကျွန်တော်ပြောသလို ကြက်ကို တွဲလောင်းသယ်မယ်ဆိုရင် ကြက်ရဲ့လည်ချောင်းကနေ ချွဲတွေဟာ လမ်းတစ်လျှောက် ကျသွားနိုင်တယ်၊ အဲဒီကနေ ရောဂါကူးစက်နိုင်ပါတယ်၊ ကြက်ကိုလည်း ရေခဲသေတ္တာထဲမှာ မထားဘဲ လတ်လတ်ဆတ်ဆတ် ချက်ပြုတ် စားသောက်သင့်ပါတယ်”ဟု ရှင်းပြခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည် လူတွင်ဖြစ်နိုင်သော ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့မည်ပုံ ဆောင်ရွက်ထားရှိသည်ကို သိရှိနိုင်ရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းရှိ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်းကိုလည်း သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ဆရာတို့အနေနှင့် ကြက် ငှက်တုပ်ကွေးရောဂါ လူများကို မကူးစက်နိုင်အောင် ဆောင်ရွက်ထားရှိတဲ့ အခြေအနေကို သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့အနေဖြင့် လူမှာဖြစ်ပွားနိုင်တဲ့ ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းတွေကို အခြားနိုင်ငံများနည်းတူ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ကြက် ငှက်တုပ်ကွေးရောဂါတွေ ဖြစ်ပွားနေတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနှင့် ဒီရောဂါကူးစက်မှုအခွင့်အရေးက အများကြီးရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနှင့် အမျိုးသားကျန်းမာရေးကော်မတီရဲ့ လမ်းညွှန်မှု၊ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ရဲ့ ဦးဆောင်ပံ့ပိုးမှုနှင့် ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းပြီး စီမံချက်ရေးဆွဲကာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ဖွဲ့စည်းရာမှာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက နာယကအဖြစ်ပါဝင်တဲ့ ကြက် ငှက်တုပ်ကွေးရောဂါ ကုသကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့ ရောဂါအတည်ပြု သတ်မှတ်ရေး ဆပ်ကော်မတီ၊ ရောဂါထောက်လှမ်းကြည့်ရှုရေး ဆပ်ကော်မတီ၊ ဆေးဝါးကုသမှု ဆပ်ကော်မတီ၊ ခါတ်ခွဲစမ်းသပ်ရေး ဆပ်ကော်မတီ၊ ဆေးဝါးပစ္စည်းထောက်ပံ့ရေး ဆပ်ကော်မတီနှင့် သတင်းနှင့်ကျန်းမာရေး ပညာပေးဆပ်ကော်မတီဆိုပြီး ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ရောဂါအတည်ပြု သတ်မှတ်ရေးကော်မတီအနေဖြင့် အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ကြက်သေရင် ကြက်ငှက်တုပ်ကွေးဆိုပြီး ပြောနေမယ်ဆိုရင် ပြည်သူအတွင်းမှာ အထိတ်တလန့် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကြက်ခြံတစ်ခြံမှာ ကြက်တွေ ရောဂါဖြစ်ပြီး သေမယ်ဆိုရင် မွေးမြူရေးနှင့် ကုသရေးဌာန ဒါမှမဟုတ် ကျန်းမာရေးဌာနကို သတင်းပို့ပြီး အဲဒီဌာနတွေက ဓါတ်ခွဲစမ်းသပ်ပြီး တွေ့ရှိချက်ကို ရောဂါအတည်ပြုသတ်မှတ်တဲ့ ဆပ်ကော်မတီကိုပို့ပြီး အတည်ပြုချက်ယူရမှာဖြစ်ပါတယ်။ ဒီလိုမလုပ်ရင် ကောလာဟလတွေဖြစ်ပြီး လူတွေ အထိတ်တလန့် ဖြစ်နိုင်ပါတယ်။ ဒီကောလာဟလကြောင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းတွေမှာ ထိခိုက်နိုင်ပါတယ်။

ရောဂါထောက်လှမ်းကြည့်ရှုရေး ဆပ်ကော်မတီအနေဖြင့်လည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဆိပ်ကမ်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ တရုတ်နှင့်ထိုင်းနိုင်ငံအစရှိတဲ့ နယ်စပ်ဝင်ပေါက်ဒေသတွေမှာ ရှိတဲ့မြို့နယ်တွေမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဝင်ရောက်လာသူတွေကို အဖျားရောဂါ ရှိ၊မရှိ သေသေချာချာ စိစစ်ပါတယ်။ အဖျားရောဂါ ရှိတဲ့လူတွေကို ရန်ကုန်မှာရှိတဲ့ ဝေဘာဂီဆေးရုံနှင့် မန္တလေး ကန်တော်နဒီဆေးရုံတွေမှာ စစ်ဆေးပါတယ်။ အဓိကကတော့ ဆေးရုံဝန်ထမ်းတွေနှင့် ကြက်၊ ဘဲလုပ်ငန်းတွေနှင့် ဆက်စပ်မှုရှိသူတွေပါပဲ။ အဲဒီလူမျိုးတွေမှာ ရောဂါဖြစ်ပွားလာရင်တော့ ကြက်ငှက်တုပ်ကွေးရောဂါ ဟုတ်၊မဟုတ် ပိုမိုစစ်ဆေးပါတယ်။ ဒီလိုစိစစ်ဖို့အတွက်လည်း ခါတ်ခွဲစမ်းသပ်တဲ့ ပစ္စည်းတွေကလည်း အစုံအလင် ရှိပါတယ်။ ရောဂါဖြစ်လာရင်လည်း ဆေးဝါးအဆင်သင့်ရှိပြီးဖြစ်ပါတယ်။

ဒီရောဂါတွေ ဖော်ထုတ်ဖို့အတွက်လည်း ခါတ်ခွဲစမ်းသပ်ရေး ဆပ်ကော်မတီဆိုတာရှိပါတယ်။ ဒီကော်မတီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ အခုလည်းပဲ ကြက်၊ ငှက်တွေ သေဆုံးခဲ့ရင် ခါတ်ခွဲစမ်းသပ်ကာ အတည်ပြုချက်လုပ်ငန်းတွေ လုပ်ပါတယ်။

အခုထက်ထိတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါဟာ ကြက်၊ ငှက်၊ တိရစ္ဆာန်တွေမှာရော၊ လူများမှာပါ ဖြစ်ပွားမှုမရှိသေးပါဘူး။ ဖြစ်ရင်လည်း ဆေးဝါးကုသမှုကော်မတီဆိုတာ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒီကော်မတီမှာ ကျွန်တော်တို့ဌာနက သမားတော်ကြီးတွေ ပါပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆရာဝန်ကြီးတွေလည်းပါပါတယ်။

နောက်ပြီး ကြက်ခြံမှာ တာဝန်ထမ်းဆောင်နေသူတွေ အနေနှင့်လဲ ကြက်ခြံထဲ ဝင်မယ်ဆိုရင် ကာကွယ်ရေးနှင့် ပတ်သက်တဲ့ ဝတ်စုံတွေအပြည့်အဝ ဝတ်ဆင်ပြီး ဝင်ဖို့လိုအပ်ပါတယ်။ အဲဒီပစ္စည်းတွေရရှိဖို့၊ ခါတ်ခွဲပစ္စည်းကိရိယာတွေရရှိဖို့၊ ဆေးဝါးရရှိဖို့လည်း ဆေးနှင့် ဆေးပစ္စည်းထောက်ပံ့ရေးဆပ်ကော်မတီက ကူညီဆောင်ရွက်နေပါတယ်။

နောက်တစ်ခုကတော့ သတင်းနှင့် ကျန်းမာရေးပညာပေး ဆပ်ကော်မတီအနေနှင့် ပြည်သူလူထုတွေ သိရှိနိုင်ဖို့ သတင်းစာနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် မဂ္ဂဇင်း၊ ဂျာနယ်တွေကနေ ပညာပေးနေပါတယ်။ ပြည်နယ်နှင့်တိုင်းတွေမှာလည်း လူမှာဖြစ်နိုင်တဲ့ ကြက် ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်သက်ပြီး ဟောပြောပွဲတွေ လုပ်နေပါတယ်။

အဓိကကတော့ ကျွန်တော်တို့အနေနှင့် ရောဂါကို ကျန်းမာရေးသတိရှိရှိနှင့် ကြိုတင်ကာကွယ်ပြီးနေမယ်ဆိုရင် လူတွေကို ကူးစက်ဖို့ အခွင့်အရေးက တော်တော်လေးနည်းပါတယ်။ ကြက်ခြံတွေအနေနှင့်ကလည်း လူအဝင်အထွက်တွေ၊ ကြက်အပြောင်းအလဲတွေ မလုပ်ဖို့ အရေးကြီးပါတယ်။

မေး။ ။ဒီလိုဆိုရင် ကြက်သားချက်စားမယ်ဆိုရင်ရော ရောဂါကူးစက်မှု ရှိနိုင်ပါသလား။

ဖြေ။ ။**ကြက်သားကို သေသေချာချာ ချက်ပြုတ်စားသောက်မယ်ဆိုရင်တော့ ဘယ်လိုမှ ရောဂါမကူးစက်နိုင်ပါဘူး။** ဒါပေမယ့် ကြိုတင်ကာကွယ်ရေးကိုတော့ ဆောင်ရွက်ထားရပါမယ်။ ကြက်ငှက် တုပ်ကွေးရောဂါ ကူးစက်နိုင်တဲ့ အခြေအနေတွေကို ကြက်မွေးသူတွေရော၊ ရောင်းသူတွေရော၊ သယ်ဆောင်သူတွေနှင့် စားသုံးသူတွေပါ ပညာပေးဟောပြောမှုတွေ လုပ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာပေးဟောပြောထားတဲ့အတိုင်း ဆောင်ရန်၊ ရှောင်ရန်တွေကိုတော့ လိုက်နာဖို့လိုပါတယ်။

ကျွန်တော်တို့အနေနှင့်ကလည်း ဈေးမှာချရောင်းမယ့် ကြက်တွေကို မရောင်းခင်မှာ စည်ပင်သာယာရေးဦးစီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျွန်တော်တို့ ကျန်းမာရေးဦးစီးဌာနတို့က သေသေချာချာ စစ်ဆေးပြီးမှ ရောင်းချခွင့်ပြုတဲ့အတွက် ပြည်သူများအနေနှင့် စိတ်ချလက်ချ စားသုံးနိုင်ပါတယ်။

ဝယ်ယူစားသုံးသူအနေနှင့်ကလည်း မိမိဝယ်ယူစားသုံးမည့် ကြက်ဟာ ရောဂါရှိ၊ မရှိ စစ်ဆေးနိုင်ပါတယ်။ အမောက်မှာ သွေးခြည်ဥနေသလား၊ မျက်နှာတွေ ယောင်နေသလား၊ ခြေထောက်မှာ၊ ကလီစာတွေမှာ သွေးခြည်ဥတွေဖြစ်တဲ့ အနီစက်၊ အနီပြောက်တွေ ရှိသလားဆိုတာ ကြည့်ရှုဝယ်ယူ စားသုံးနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ အိမ်ထောင်ရှင်မတွေပါပဲ၊ အိမ်ရှင်မတွေအနေနှင့် ကြက်ကိုကိုင်ပြီး ကိုင်တဲ့လက်ကို ဆပ်ပြာနှင့် စင်စင်ဆေးရပါမယ်။ သွေးတွေဘာတွေ မိမိကိုယ်ကို မစဉ်အောင် ခုတ်ဖြတ်ရပါမယ်။ ကြက်သားကိုလည်း အခြားပစ္စည်းတွေနှင့် ရေခဲသေတ္တာထဲမှာ ရောမထားပါနှင့်၊ လတ်လတ်ဆတ်ဆတ် ဝယ်ယူချက်ပြုတ်စားပါ။ **နိုင်ငံတကာအတွေ့အကြုံအရရော၊ ကျွန်တော်တို့နိုင်ငံရဲ့ အတွေ့အကြုံအရပါ ကြက်သားစားသုံးသူတွေမှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားတာ မတွေ့ရသေးပါဘူးလို့ ပြောကြားလိုပါတယ်”**ဟုရှင်းလင်းပြောကြားသည်။ ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ကိုယ်တိုင်ရေး ရာဇဝင်ဓာတ်ကားဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယခုသောကြာပတ်တွင် ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ မေသဥ္ဇာဦးတို့ ပါဝင်သော **ကိုယ်တိုင်ရေးရာဇဝင်** အချစ်ဓာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် ဆက်လက် ပြသနေသည်။

မျက်နှာများတဲ့ကောင်းကင်

ဘရဏီရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ထားသည့် **မျက်နှာများတဲ့ ကောင်းကင်**ဓာတ်ကားမှာ ရှေ့ဆောင်ရုံနှင့် နဝဒေးရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသနေသည်။

အက်ရှင်ဓာတ်ကား

နေပြည်တော်ရုံတွင် သိုင်းဓာတ်ကားဖြစ်သည့် HERO အမည်ရှိ အက်ရှင်ဓာတ်ကား ဆက်လက်တင်ဆက်နေသည်။

“ကိုယ်တိုင်ရေးရာဇဝင်” ဓာတ်ကားမှ လွင်မိုးနှင့်ခိုင်သင်းကြည်။

ဝိညာဉ်ပစ်တဲ့မြား

ယခုသောကြာပတ်တွင် စနိုးပိုက်ရုပ်ရှင်မှ ဒါရိုက်တာမောင်မောင်ဦး(စနိုးပိုက်)ရိုက်ကူး၍ နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသည့် **ဝိညာဉ်ပစ်တဲ့မြား** အဆင့်မြင့် ဒီဗွီဒီဓာတ်ကားသစ် ရွှေဂုန်ရုံတွင် တင်ဆက်ပြသနေသည်။

ဆက်လက်၍ မြို့မရုံတွင် အိန္ဒိယရုပ်ရှင်ဓာတ်ကားဖြစ်သည့် JAANW-RA အမည်ရှိ အက်ရှင်အချစ်ဓာတ်ကားရုံတင်သည်။ ဒုစရိုက်ဂိုဏ်းနှင့် ချစ်သူတို့ဘဝကို သရုပ်ဖော်ရိုက်ကူးထား၍ အရှစ်ကူမား၊ ကရစ်မားကပူးတို့ ပါဝင်ထားကြသည်။

ဆုထူးပန်ရုံတွင် JOSH အမည်ရှိ အိန္ဒိယဓာတ်ကား တင်ဆက်ပြသနေသည်။ လူဆိုးဂိုဏ်း၊ လူသတ် မှုတို့ကို မှန်ကန်စွာ ဖော်ထုတ်တင်ပြ ထားသော အက်ရှင်ဓာတ်ကားဖြစ်၍ ရှရွတ်ခန်းနှင့် အက်ရှိုက်ဝါရာရိုင်းတို့ သရုပ်ဆောင်ထားကြသည်။

ဘုရင့်ရုံတွင် ANDAAZ အမည်ရှိ အိန္ဒိယဓာတ်ကား ရုံတင်ပြသသည်။ ဥရောပရှုခင်းများကို နောက်ခံထားပြီး အိန္ဒိယမှ မယ်စကြဝဠာဘွဲ့ရသူ လာဒါဒတ်တာကို ပွဲထုတ်ထားသည်။

ဆက်လက်၍ ဝဇီရာရုံတွင် ရာဇာနေဝင်း၊ စိုးမြတ်နန္ဒာနှင့် ဆုပန်ထွာတို့ ပါဝင်သော **ပေါက်ပေါက်မြောက်မြောက်** ဓာတ်ကားပြသနေပြီး ရတနာပုံရုံတွင် ရှရွတ်ခန်း၊ ကရစ်မာကပူးနှင့် မာဒူရီဒီးဆစ်တို့ ပါဝင်သော DIL TO PAGAL HAL အမည်ရှိ အိန္ဒိယအချစ်ဓာတ်ကား တင်ဆက်ပြသသည်။ (ကြေးမုံ)

“မျက်နှာများတဲ့ကောင်းကင်”ဓာတ်ကားမှ ရန်အောင်နှင့် အိန္ဒြာကျော်ဇင်။

ပေးဆပ်သူတို့ နှလုံးသား

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လာမည့်သောပတ်တွင် မျိုးရုပ်ရှင်မှ ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူး၍ ရန်အောင်၊ ကျော်ရဲအောင်၊ မျိုးသန္တာထွန်းတို့ သရုပ်ဆောင်ပါဝင်သည့် **ပေးဆပ်သူတို့ နှလုံးသား** ရာဇဝင်ဓာတ်ကားသစ် ရုံတင်ပြသမည် ဖြစ်သည်။

(ကြေးမုံ)

မြို့မရုံတွင် ပြသနေသော အိန္ဒိယဓာတ်ကားမှ သရုပ်ဆောင်ကွက်တစ်ကွက်။

ဥရောပရုပ်ရှင်ပွဲတော် နဝဒေးရုံတွင် တင်ဆက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၀၄ ခုနှစ် ဥရောပရုပ်ရှင်ပွဲတော်အဖြစ် မတ် ၆ ရက်မှ ၁၃ ရက်အထိ ဓာတ်ကားရှစ်ကား နဝဒေးရုံတွင် တင်ဆက်ပြသမည်ဖြစ်သည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံများမှ ဓာတ်ကားများဖြစ်၍ သက်ဆိုင်ရာသံရုံးများမှ ဖိတ်စာများဖြင့် ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပရီမီယာလိဂ်ပွဲစဉ်(၂၇)

အာစင်နယ်ချန်ပီယံဖြစ်ရေး လက်ကျန်ပွဲများအရေးပါ

အားကစားသတင်းထောက်

ပရီမီယာလိဂ်ပွဲစဉ် (၂၆) ကစားပြီးနောက် အာစင်နယ် အသင်း၏ ချန်ပီယံဖြစ်ရေး လမ်းကြောင်းသည် သိသာ ထင်ရှားစွာ ဖြစ်ပေါ်လာသည်။ လက်ကျန်ပွဲ ၁၂ ပွဲသာ ကျန်ရှိတော့သည်။ အကယ်၍ အာစင်နယ်သည် လက်ကျန် ပွဲ ၁၂ ပွဲ၌ ရှုံးပွဲမရှိ စံချိန်ကိုလည်း ဆက်လက်ထိန်းသိမ်း နိုင်ပြီး သရေပွဲလည်း အလွန်နည်းခဲ့မည်ဆိုလျှင် ချန်ပီယံ ဘွဲ့ သေချာပေါက်ရလိမ့်မည်ဖြစ်သည်။

ယမန်နှစ်က လက်ကျန်ပွဲ ၁၂ ပွဲသည် အာစင်နယ်ကို အကြီးအကျယ် အပြောင်းအလဲဖြစ်စေပြီး ချန်ပီယံဆုနှင့် လွဲခဲ့ရလေသည်။ လက်ကျန်ပွဲ ၁၂ပွဲ ကစားဖို့ရန်ကျန်သည့် အထိ အာစင်နယ်သည် မန်ယူကို သုံးမှတ်အကွာဖြင့် ရှေ့မှပြေးလျက်ရှိသည်။ သို့သော် လက်ကျန် ၁၂ပွဲတွင် အာစင်နယ်သည် ရှုံးပွဲနှစ်ပွဲ၊ သရေပွဲ လေးပွဲဖြစ်သွား သောကြောင့် ချန်ပီယံဆုနှင့် ဝေးခဲ့ရသည်။ ၎င်းလက်ကျန် ၁၂ ပွဲတွင် မန်ယူက ရှုံးပွဲမရှိဘဲ သရေသုံးပွဲသာရသောကြောင့် သရဖူ ဆောင်းသွားနိုင်ခြင်းဖြစ်သည်။

ယခုအာစင်နယ်သည် ပွဲစဉ် ၂၆ပွဲကစားပြီးသည့်အထိ မန်ယူကို ခုနစ်မှတ်ပြတ်ပြီး ရှေ့မှဦးဆောင်ထားသည်။ ယမန်နှစ်ကနှင့်စာလျှင် လေးမှတ်ပိုရထားသည်။

လက်ကျန်ပွဲ ၁၂ပွဲ၌ အာစင်နယ်သည် ယမန်နှစ် လက်ကျန် ၁၂ပွဲမှာ ရှုံးခဲ့သော ဘလက်ဘန်း၊ လိဒ်စ်တို့နှင့် ကစားရမည်။ ထို့အပြင် သရေကျသော နယူးကာဆယ်၊ မန်ယူ၊ ဘော်လ်တန်၊ လီဗာပူး (ဒုတိယ အကျော့သရေကျ သည်) တို့နှင့်လည်း ကစားရန်ရှိနေသည်။ ထို့ကြောင့် ၎င်းအသင်းများသည် အာစင်နယ်၏ ချန်ပီယံဖြစ်ရေး လမ်းတွင် ကြီးမားသော အနှောင့်အယှက် အဟန့်အတား များဖြစ်လျက်ရှိသည်။ လက်ကျန်ပွဲ ၁၂ ပွဲကို အာစင်နယ် မည်သို့မည်ပုံ ဖြတ်ကျော်မည်နည်းဆိုသည်ကို ရင်ခုန်စွာ စောင့်မျှော်ကြည့်ရဦးမည် ဖြစ်သည်။

တစ်ဖန် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေးအတွက် အပြိုင် ရုန်းကန်နေကြသော နယူးကာဆယ်၊ ချာလ်တန်၊ လီဗာပူး၊ ဗီလာ၊ ဘာမင်ဂမ်၊ ဖူလ်ဟမ်းတို့၏ ပွဲစဉ်များကလည်း စိတ်ဝင်စားဖွယ် ကောင်းသည်။ တန်းဆင်းဇုန်ထဲမှ လွတ်မြောက်ထွက်လာဖို့အတွက် လိဒ်စ်၏ ကြိုးပမ်းချက် မှာလည်း ရင်မောစရာဖြစ်သည်။ သို့ဖြစ်၍ ပရီမီယာလိဂ် ပြိုင်ပွဲ ပြီးခါနီးလေ ဇာတ်ရှိန်က မြင့်တက်လာလေဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၇)ကို ဖေဖော်ဝါရီ ၂၈၊ ၂၉ ရက်နေ့များတွင် ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) အာစင်နယ်-ချာလ်တန်

အဆင့်(၁) အာစင်နယ်နှင့် အဆင့်(၅) ချာလ်တန်တို့ ကစားကြမည်။ နှစ်သင်းရထားသော အမှတ်များမှာ အာစင်နယ် ၆၄မှတ်၊ ချာလ်တန် ၄၀ မှတ်ဖြစ်သည်။

နောက်ဆုံးကစားခဲ့ကြသောပွဲ ခြေများအရ နှစ်သင်း စလုံးကောင်းကြသည်။ ချယ်လ်ဆီးနှင့် ကစားသော အာစင်နယ်ခြေရည်က ချာလ်တန်ထက် ပိုကောင်းသည်။ နှစ်သင်းအနေအထားချိန်ကြည့်လျှင် အာစင်နယ်က အစစ သာသည်။

အာစင်နယ်ကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက အာစင်နယ် နိုင်မည်တွက်ကြသည်။ သို့သော် တစ်ဂိုးစီ သရေကျသည်။ ယခုပွဲတွင် သရေနှင့်အနိုင် အာစင်နယ် ကစားနိုင်သည်။ နိုင်လျှင် ကပ်၍နိုင်လိမ့်မည်။ ရှေ့ပွဲတွင် အာစင်နယ်က ဘလက်ဘန်းနှင့် ကစားရမည်။ ချာလ်တန် က ဘိုရီနှင့် ကစားလိမ့်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက် မှာ အာစင်နယ်(+၃၄)၊ ချာလ်တန်(+၅)ဖြစ်သည်။

ဘလက်ဘန်း-ဆောက်သမ်တန်

အဆင့်(၁၅) ဘလက်ဘန်းနှင့် အဆင့်(၁၂) ဆောက်သမ် တန်(စိန့်)တို့ကစားကြမည်။ နှစ်သင်းရထားသောအမှတ် များမှာ ဘလက်ဘန်း ၂၇ မှတ်၊ စိန့် ၃၂ မှတ်ဖြစ်သည်။

နှစ်သင်းစလုံးသည် နောက်ဆုံးကစားခဲ့သောပွဲစဉ်၌ သင့်ရုံ သာရှိကြသည်။ ကောင်းတစ်ချက်၊ မကောင်းတစ်ချက် ကစားသွားကြသည်။ သို့သော် စိန့်ကစားပုံက ဘလက်ဘန်း ကို နိုင်ခြေရှိသည်။

ဘလက်ဘန်းကွင်း၌ ကစားရမည်။ ပထမအကျော့၌ ဘလက်ဘန်းနိုင်မည်ဟု ခန့်မှန်းကြသည်။ စိန့်က နှစ်-တစ် ဖြင့် နိုင်သည်။ ယခုပွဲတွင် ဘလက်ဘန်းနိုင်လိမ့်မည်။ စိန့်က အဝေးကွင်းညံ့သည်။ နောက်တစ်ချက်က ဘလက် ဘန်းက ရှေ့ပွဲတွင် အာစင်နယ်နှင့် ကစားရမည်ဖြစ်ပြီး စိန့်က လီဗာပူးနှင့် အိမ်ကွင်းမှာ ကစားလိမ့်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဘလက်ဘန်း(-၅)ဖြစ်သည်။ စိန့်က ပေးဂိုး၊ သွင်းဂိုးတူသည်။

အဲဗာတန်-အက်စတွန်ဗီလာ

အဆင့်(၁၆)အဲဗာတန်နှင့် အဆင့်(၇)ဗီလာ ကစားမည်။ ရမှတ်များမှာ အဲဗာတန် ၂၆ မှတ်၊ ဗီလာ ၃၇ မှတ်ဖြစ်သည်။

ဆောက်သမ်တန်နှင့်ပွဲတွင် အဲဗာတန်ကစားပုံ ထွက်ထွက် ချင်းကောင်းသည်။ နောက်ပိုင်း အနည်းငယ်ပျက်သွားသည်။ ဗီလာကလည်း ဘာမင်ဂမ်နှင့်ပွဲတွင် နှစ်ဂိုးသွင်းသည့်အထိ ကစားပုံကောင်းသည်။ ၎င်းပွဲများကိုကြည့်လျှင် အဲဗာတန်က ဗီလာ ခြေရည်ထက် ပိုကောင်းသည်။ ပကတိခြေရည်အရ ဆိုလျှင် နှစ်သင်းညီကြသည်။

အဲဗာတန်ကွင်းတွင် ကစားရမည်။ ပထမပွဲတုန်းက ဗီလာကို အနိုင်တွက်ကြသည်။ ဂိုးမရှိ သရေနှင့်ပြီးခဲ့သည်။ အဲဗာတန်နိုင်မည်။ ရှေ့ပွဲတွင် အဲဗာတန်က ပို့စ်မောက်နှင့် ကစားရမည်။ ဗီလာက ဝုလ်ဗ်နှင့် ကစားလိမ့်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ အဲဗာတန်(-၈)၊ ဗီလာ(+၂၂)ဖြစ် သည်။

ဘာမင်ဂမ်-ဘော်လ်တန်

အဆင့်(၈) ဘာမင်ဂမ်နှင့် အဆင့်(၁၁) ဘော်လ်တန် ကစားမည်။ ရမှတ်များမှာ ဘာမင်ဂမ် ၃၆ မှတ်၊ ဘော်လ်တန် ၃၄ မှတ်ဖြစ်သည်။

ဘာမင်ဂမ်က ဗီလာနှင့်ပွဲမှာ ကောင်းသည်။ ဘော်လ်တန် က မန်စီးတီးပွဲမှာ ညံ့သည်။ အောက်မှလိုက်ကစားနေရသည်။ ၎င်းပွဲများအရဆိုလျှင် ဘာမင်ဂမ်က ဘော်လ်တန်ထက် ပိုကောင်းလျက်ရှိသည်။ တကယ်တမ်း ယှဉ်ကြည့်သည့်အခါ နှစ်သင်းသိပ်မကွာချေ။ ဘာမင်ဂမ် ခြေမှန်နေသည်။

ဘာမင်ဂမ်ကွင်း၌ ကစားရမည်။ ပထမအကျော့တွင် ဘာမင်ဂမ်ကိုနိုင်မည်ဟု မှန်းသည့်အတိုင်း မှန်သည်။ ဘာမင်ဂမ် တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲကို သရေ လောက်ပဲဟုမှန်းသည်။ ရှေ့ပွဲတွင် ဘာမင်ဂမ်က လက်စတာ နှင့်ကစားရမည်။ ဘော်လ်တန်က ချယ်လ်ဆီးနှင့် ကစားရ လိမ့်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဘာမင်ဂမ် (-၃)၊ ဘော်လ်တန် (-၈) ဖြစ်သည်။

လက်စတာ-ဝုလ်ဗာဟမ်တန်

အဆင့် (၁၉) လက်စတာနှင့် အဆင့်(၁၈) ဝုလ်ဗ်တို့ ကစားရမည်။ ရမှတ်များမှာ လက်စတာ ၂၂မှတ်၊ ဝုလ်ဗ် ၂၃ မှတ်ဖြစ်သည်။

စပါး(စ်)နှင့် ဂိုးအပြိုင်သွင်းသော်လည်း လက်စတာ ကစားပုံညံ့သည်။ ဖူလ်ဟမ်းနှင့်ပွဲ၌ အောက်မှလိုက် ကစား ရသော ဝုလ်ဗ်ခြေရည်သင့်သည်။ ၎င်းခြေရည်နှင့် တွက်ကြည့် လျှင် ဝုလ်ဗ်က လက်စတာကို နိုင်ခြေရှိသည်။ သို့သော် ပကတိခြေရည် အရတော့ ခြေညီကြသည်။

လက်စတာကွင်းမှာ ကစားရမည်။ ပထမပွဲတုန်းက သရေလောက်မှန်းကြသည်။ ဝုလ်ဗ်က လေးဂိုး-သုံးဂိုးဖြင့် နိုင်သည်။ ယခုပွဲတွင် သရေဖြစ်ဖို့များသည်။ နိုင်ခြေအရ တွက်လျှင် လက်စတာ နိုင်လောက်သည်။ ပွတ်ကာသီကာ ဖြစ်နိုင်သည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက် ကြည့်လျှင် လက်စတာ (-၁၅)၊ ဝုလ်ဗ် (-၂၈) ဖြစ်သည်။ နောက်တစ် ချက်စဉ်းစားရသည်မှာ ရှေ့ပွဲတွင် လက်စတာက ဘာမင်ဂမ် နှင့် ကစားရမည်။ ဝုလ်ဗ်က ဗီလာနှင့် ကစားရလိမ့်မည်။ ဝုလ်ဗ်မှာ အဝေးကွင်းတစ်ပွဲမှ အနိုင်မရဖူးသေးချေ။

မဒ်ဒယ်ဘာရော့-စပါး(စ်)

အဆင့် (၁၃) မစ်ဒယ်ဘာရော့(ဘိုရို)နှင့် အဆင့် (၁၀) စပါး(စ်)တို့ ကစားကြမည်။ ရမှတ်များမှာ ဘိုရို ၃၁ မှတ်၊ စပါး(စ်) ၃၄မှတ် ဖြစ်သည်။

လောလောဆယ်တွင် ဘိုရိုခြေကောင်းနေသည်။ နယူး ကာဆယ်ပွဲမှာ ကစားကွက်ရော၊ ကစားအားပါကောင်းသည်။ လက်စတာနှင့်ကစားသော စပါး(စ်) ကစားပုံသည် ဘိုရိုကို နိုင်ဖို့မလွယ်ချေ။ နှစ်သင်းခြေရည် မတိမ်းမယိမ်းရှိသည်။

ဘိုရိုကွင်းမှာ ကစားရမည်။ စပါး(စ်) အဝေးကွင်းညံ့ သည်။ ပထမအကျော့၌ စပါး(စ်) နိုင်မည်ဟု ခန့်မှန်းကြ သည်။ သို့သော်သရေကျသည်။ ယခုပွဲတွင် လက်ရှိ အနေ အထားအရ ဘိုရိုနိုင်ခြေရှိသည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟ ချက်မှာ ဘိုရို (-၄)၊ စပါး(စ်) (-၃) ဖြစ်သည်။ ရှေ့ပွဲတွင် ဘိုရိုက ချာလ်တန်နှင့်ကစားမည်။ စပါး(စ်)က နယူး ကာဆယ်နှင့် ကစားလိမ့်မည်။

မန်စီးတီး-ချယ်လ်ဆီး

အဆင့် (၁၄) မန်စီးတီးနှင့် အဆင့် (၃) ချယ်လ်ဆီးတို့ ကစားမည်။ ရမှတ်များမှာ မန်စီးတီး ၂၇ မှတ်၊ ချယ်လ်ဆီး ၅၅ မှတ်ဖြစ်သည်။

ဘော်လ်တန်နှင့်ပွဲတွင် မန်စီးတီးကောင်းသည်။ ချယ်လ်ဆီးက အာစင်နယ်နှင့်ပွဲ၌ အလယ်တန်းပျက်နေပြီး ရှေ့တန်းဂိုးပေါက်ပျောက်နေသည်။ နှစ်သင်းအနေအထား ယှဉ်ကြည့်လျှင် ချယ်လ်ဆီးက လူအား၊ ကစားအား သာသည်။ သို့သော် မန်စီးတီးမှာ နောက်တန်းမာသည်။

မန်စီးတီးကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ချယ်လ်ဆီးကို အနိုင်တွက်သည်။ တွက်သည့်အတိုင်း မှန် သည်။ သို့သော် တစ်ဂိုးတည်းဖြင့် ပြီးသည်။ ယခုပွဲတွင် သရေနှင့်အနိုင် မန်စီးတီးရနိုင်သည်။ အောက်ထစ် သရေ ရှိနိုင်သည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ မန်စီးတီး (-၂)၊ ချယ်လ်ဆီး (+၂၈) ဖြစ်သည်။ ရှေ့ပွဲတွင် မန်စီးတီးက မန်ယူနှင့်ကစားရမည်။ ချယ်လ်ဆီးက ဘော်လ်တန်နှင့် ကစားလိမ့်မည်။

ဖူလ်ဟမ်း-မန်ယူ

အဆင့်(၉)ဖူလ်ဟမ်းနှင့် အဆင့်(၂)မန်ယူကစားမည်။ ရမှတ်များမှာ ဖူလ်ဟမ်း ၃၅မှတ်၊ မန်ယူ ၅၇ မှတ်ဖြစ်သည်။

ဝုလ်ဗ်နှင့်ပွဲ၌ ဖူလ်ဟမ်း ဂိုးပေါက်ချော်နေသည်။ ကစား ပုံကောင်းသည်။ အပေါ်စီးမှ ကစားသွားနိုင်သည်။ မန်ယူ ကလည်း လိဒ်နှင့်ပွဲတွင် ခပ်ညံ့ညံ့ဖြစ်ခဲ့သည်။ တစ်ဂိုးစီ သရေကျပြီးနောက်တွင် မန်ယူကစားပုံ ကောင်းသော်လည်း ဂိုးပေါက်ပျောက်နေသည်။ ၎င်းပွဲခြေအရဆိုလျှင် ခြေရည် မတိမ်းမယိမ်းရှိသည်။ သို့သော် ပင်ကို ခြေရည် ခြေသွေး အရ မန်ယူကသာသည်။ ကစားအား၊ လူအားသာသည်။

ဖူလ်ဟမ်းကွင်းမှာ ကစားရမည်။ ဖူလ်ဟမ်းက အိမ်ကွင်း မာသည်။ မန်ယူက ကွင်းရွေးသည့်အသင်း မဟုတ်ချေ။ ပထမအကျော့တွင် မန်ယူနိုင်မည်ဟု မှန်းကြသည်။ သို့သော် ဖူလ်ဟမ်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ ယခုပွဲတွင် မန်ယူက သရေနှင့် အနိုင်ရနိုင်သည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဖူလ်ဟမ်း(+၁)၊ မန်ယူ (+၂၈)ဖြစ်သည်။ ဖူလ်ဟမ်းက ရှေ့ပွဲတွင် လိဒ်စ်နှင့် ကစားရသည်။ မန်ယူက မန်စီးတီးနှင့်ကစားရမည်။

ဖေဖော်ဝါရီ ၂၉ ရက် တနင်္ဂနွေနေ့ လိဒ်စ်-လီဗာပူး

အဆင့်(၂၀)လိဒ်စ်နှင့် အဆင့်(၆)လီဗာပူး ကစားရမည်။ ရမှတ်များမှာ လိဒ်စ် ၂၁ မှတ်၊ လီဗာပူး ၃၈ မှတ်ဖြစ်သည်။

မန်ယူနှင့်ပွဲတွင် လိဒ်စ်ခြေရည်ကောင်းလာသည်။ အချိတ်အဆက်၊ စုစည်းမှုပါကောင်းသည်။ ၎င်းအနေ အထားအရ လီဗာပူးကို ယှဉ်ကစား၍ ရသည်။ အက်ဖ်အေ ဖလားပွဲ ခြေအရ လီဗာပူးညံ့သည်။ ရှေ့တန်း ဂိုးပေါက် ချော်နေသည်။ အလယ်တန်းမှာပြတ်နေသည်။ လက်ရှိ အနေအထားမှာ လီဗာပူးက သာသည်။ သို့သော် လိဒ်စ်ကို လျှော့တွက်၍မရ။

လိဒ်စ်ကွင်းမှာ ကစားရမည်။ လီဗာပူးသည် အဝေးကွင်း တွင် သာမန်ခြေလောက်ပဲရှိသည်။ ပထမအကျော့၌ လီဗာပူး ကို အနိုင်တွက်ကြသည်။ သုံး၊ တစ်ဖြင့် လီဗာပူးနိုင်သည်။ ယခုပွဲတွင် သရေနှင့်အနိုင် လိဒ်စ်ရမည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ လိဒ်စ် (-၂၇)၊ လီဗာပူး(+၉)ဖြစ်သည်။ ရှေ့ပွဲတွင် လိဒ်စ်က ဖူလ်ဟမ်းနှင့် ကစားရမည်။ လီဗာပူးက စိန့်နှင့်ကစားလိမ့်မည်။

ပို့စ်မောက်-နယူးကာဆယ်

အဆင့်(၁၇)ပို့စ်မောက်နှင့် အဆင့်(၄)နယူးကာဆယ် ကစားမည်။ ရမှတ်များမှာ ပို့စ်မောက် ၂၃မှတ်၊ နယူးကာဆယ် ၄၁မှတ်ဖြစ်သည်။

အက်ဖ်အေဖလား လီဗာပူးနှင့်ပွဲတွင် ပို့စ်မောက် ကစားပုံကောင်းသည်။ နောက်တန်းကစားပုံ ပိုကောင်း သည်။ နောက်ဆုံးပွဲစဉ်၌ နယူးကာဆယ် ခြေကောင်းသည်။ ၎င်းခြေများအရ ပွဲကောင်းဖြစ်နိုင်သည်။ လောလောဆယ် နယူးကာဆယ် ခြေကောင်းနေသည်။

ပို့စ်မောက်ကွင်းတွင် ကစားရမည်။ နယူးကာဆယ်က အဝေးကွင်း ညံ့တတ်သည်။ ပို့စ်မောက်ကလည်း အိမ်ကွင်း ဆို ခံကန်တတ်သည်။ ပထမအကျော့တွင် နယူးကာဆယ် ကို နိုင်မည်တွက်သည်။ သုံးဂိုး၊ ဂိုးမရှိဖြင့် နယူးကာဆယ် နိုင်သည်။ ယခုပွဲ၌ သရေနှင့်အနိုင် ပို့စ်မောက်ရနိုင်သည်။ နိုင်လျှင်ကပ်နိုင်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ပို့စ်မောက်(-၁၁)၊ နယူးကာဆယ်(+၁၀)ဖြစ်သည်။ ရှေ့ပွဲ တွင် ပို့စ်မောက်က အဲဗာတန်နှင့် ကစားမည်။ နယူး ကာဆယ်က စပါး(စ်)နှင့် ကစားရမည်။ ။

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)

ကာယအလှမယ်နှင့်ဖက်ရှင်မယ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၀၄ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း တိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ပဲခူးတိုင်း အနောက် ပိုင်း ၁၄ မြို့နယ် ကာယအလှမယ်နှင့် ဖက်ရှင်မယ်ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် ည ၇နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ထွန်းသီရိရုပ်ရှင်ရုံခန်းမ၌ ကျင်းပ သည်။

ဆုချီးမြှင့်

ရှေးဦးစွာ ကာယအလှမယ်များက တစ်ဦးချင်းမိတ်ဆက်ပြီး ယှဉ်ပြိုင်ကြရာ ကာယအလှမယ်ပထမဆုကို ပြည် မြို့နယ်မှ မအိအိထွန်းကလည်းကောင်း၊ ဒုတိယဆုကို ပန်းတောင်းမြို့နယ်မှ မထက်ထက်အောင်က လည်းကောင်း၊ တတိယဆုကို မိုးညိုမြို့နယ်မှ မစန္ဒာ အောင်ကလည်းကောင်း အသီးသီး ရရှိကြပြီး ပဲခူးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း တိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၏ဇနီး၊ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်က ဆုများပေးအပ် ချီးမြှင့်သည်။

ဂုဏ်ပြုဆုပေးအပ်

ယင်းနောက် ဖက်ရှင်မယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို ပြည် မြို့နယ်မှ မဝင့်ဝါက လည်းကောင်း၊ ဒုတိယဆုကို ရွှေတောင်မြို့နယ်မှ မကေသီလွင်က လည်းကောင်း၊ တတိယဆုကို မိုးညိုမြို့နယ်မှ မဝင်းဝင်း ဋ္ဌေးကလည်းကောင်း အသီးသီးရရှိ ကြရာ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ဝေဝေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့် သည်။

(သတင်းစဉ်)

ချင်းပြည်နယ် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု

သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ဖလမ်း) ကျောင်းသစ် ဖွင့်ပွဲနှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီတွင် ဖလမ်းမြို့ သဇင် ခန်းမဆောင်၌ကျင်းပရာ ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်နိုင်နှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စိုးတို့က သင်တန်းကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

သင်တန်းသို့ ဒေသခံ ချင်းတိုင်းရင်းသူ ၂၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလ ရက်သတ္တ ၁၄ပတ်အတွင်း စက်ချုပ်ပညာ၊ လက်မှုပညာ၊ အချက်အပြုတ်ပညာရပ်များအပြင် အအေးပိုင်းဒေသလိုအပ်ချက်အရ သိုးမွေး ထိုးစက်ဆွဲပညာရပ်ကို အဓိကထား သင်ကြားသွားမည်ဖြစ်သည်။(သတင်းစဉ်)

FAME

HEPATEC®

GMP & ISO 9001:2000

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

(Germany) (France) (Switzerland) (China) (Myanmar)

ဖေဖေအတွက် မွေးနေ့ဆုတောင်း

လူတိုင်းအပေါ်သနားကြင်နာတတ်ပြီး ကူညီတတ်တဲ့ဖေဖေရဲ့ (၂၆-၂-၂၀၀၄)နေ့တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဖေဖေချစ်တဲ့မိဘ၊ ဖေဖေချစ်တဲ့မိသားစုနှင့်အတူ ထာဝရလက်တွဲပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်အတူ ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဘုရားသခင်ဆီမှာ သမီးဆုတောင်းလိုက်ပါတယ်။

ဖေ့သမီး
(ကောကောညံ့)

အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးသိန်းမြင့်ဦး[၁၂/ကတန(နိုင်)၀၆၄၂၆၁]သည် ဒေါ်ရီလေး[၁၂/တမန(နိုင်)၀၅၃၃၃၈] ထံမှ တာမွေမြို့နယ်(က/ဂ)ရပ်ကွက်၊ ၁၆၃လမ်း၊ အမှတ်၂၀ (ငါးလွှာလမ်းကြားဘက်အခြမ်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ ငါးရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးအောင်ကျော်မိ(တရားရုံးချုပ်ရှေ့နေ)
အမှတ် ၇၅၊၄၄လမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၂၈၆၀၅၅/၀၉၉၉–၂၅၇၀၉။

ရောင်း/ငှားမည်

ပုလဲမြို့သစ်တွင် ကြက်ကောင်ရေ ၂၀၀၀ ဆံ့ ကြက်ခြံ (၇)ခြံ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းမည် (သို့) ငှားမည်။

ဆက်သွယ်ရန်–၂၀၁၇၄၅။

ရွှေနှင်းဆီ ... ကြေးအိုးတော်

၁၈၈ – ၃၈လမ်း (အလယ်) ဖုန်း– ၃၇၄၉၁၄

တောအေး – နေထွက်ဦး ဟင်းတိုယ်တော် ...

အချစ်စောင်းညို့ရှင်

အလွမ်းတေးစုသစ်

အနိုင်၊ ရာဇဝင်နိုင်၊ ဇေယျာနိုင်

ထွက်ပြီ

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

မြတ်သန္တာ



မြစ်တွင်းအပျော်စီးရေယာဉ်နှင့်ရေပေါ်စားသောက်ဆိုင်

* ကလေးများအတွက် သင်္ဘောစီးခအထူးနှုန်း – ၅၀%လျှော့ထားပါတယ် *

၂၈-၂-၀၄ (စနေ)နှင့် ၂၉-၂-၀၄ (တနင်္ဂနွေ) သင်္ဘောထွက်ချိန် – ညနေ ၅ း ၃၀နာရီ

အယူခံမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄နှင့် ပုဒ်မ၁၁၅)

တရားရုံးချုပ်၊ ရန်ကုန်မြို့

၂၀၀၄ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်–၆၃

ဒေါ်ထွေး	**နှင့်**	**ဦးတင်မောင်ထွေးပါ–၃**
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ ၂ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှု အမှတ် ၁၂၄/၂၀၀၀၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ (၁)ဒေါ်တင်တင်အေး အမှတ်(၁၂၀)၊ အခန်း(၁၀)၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊ (၂) ဦးမြတ်သူ အမှတ်(၁၁၈)၊ ကန်ဦးလမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်း (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်များ သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးအောင်ချိုကတင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၄ခုနှစ် မတ်လ ၁၅ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ– ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ–၃၊ ဌာနစု–၄၊ တရားရုံးချုပ်၊ ရန်ကုန်မြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ် ၁၀၈/၁၁၀၊ မြေညီထပ်နေ ဒေါ်ကြူကြူ နိုင်ငံသားအမှတ်[၁၀/ရမန(နိုင်)၀၈၈၉၂၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏သားဖြစ်သူ ဦးလှထွန်း နိုင်ငံသားအမှတ် [၁၀/ရမန (နိုင်) ၀၈၆၉၀၅] သည် မိဘ၏ ပြောဆိုဆုံးမခြင်းကို မနာခံဘဲ စိတ်နာအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးကို အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး လူမှုရေး၊စီးပွားရေးနှင့် အခြားမည်သည့်ကိစ္စများကိုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ညွှန်ကြားချက်အရ–
(ဦးခင်မောင်အေး B.Sc., H.G.P.) အထက်တန်းရှေ့နေ
အမှတ်(၁၇၇)၊ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့က ထုတ်ဝေသည်

၂၀၀၄ တက္ကသိုလ်ဝင်စာမေးပွဲ လမ်းညွှန်ချက်များ နှင့် လေ့ကျင့်ရန် ဘာသာစုံမေးခွန်း၅စုံ

LEARNER'S CHOICE

သက်ဆိုင်ရာဘာသာတွဲအလိုက် အမြို့မြို့အနယ်နယ်ဆိုင်တိုင်းတွင် ရနိုင်ပါပြီ။

မှုန်းခိုင်းဝိုင်းမမှုန်းနိုင်ဘူး

ရင်ကို မာရန္တ အဲလက်စ် ရတနာဦး ချို

VCD KARAOKE

သကြ်န်အထူးအစီအစဉ်
VCD တစ်ချပ်
၁၀၀၀-ကျပ်
(၁-၃-၀၄ မှ ၁၄-၃-၀၄ အထိ)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

ဇီဝဗေဒဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်တန်း အတန်းတင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများဟာ ယခုအချိန် အခါမှာ လာမယ့်စာမေးပွဲအတွက် ကြိုးတင်ပြင်ဆင်နေကြမှာဖြစ်တယ်။ အခုလိုကြိုးတင်ပြင်ဆင်နေကြတဲ့အခါ အထောက်အကူရစေဖို့ ဥပမာမေးခွန်းများကို ဖော်ပြလိုက်ပါတယ်။ တက္ကသိုလ်ဝင်တန်း အတန်းတင်မေးခွန်း လွှာမှာ မေးခွန်းပုံစံအားဖြင့် Objectives, Short questions နှင့် Long questions များ ပါရှိတယ်ဆိုတာ မေးခွန်းဟောင်းများကို လေ့လာတဲ့အခါ တွေ့ရှိကြပါလိမ့်မယ်။ Objectives အမျိုးအစားမှာဆိုရင် True/False နဲ့ Completions များ ပါဝင်တယ်။ တက္ကသိုလ်ဝင်တန်းမေးခွန်းလွှာမှာ နံပါတ်(၁)မေးခွန်းကို True/False အနေနဲ့ statements (၂၀)ပေးထားတယ်။ ဒီ statements များဟာ ဒသမတန်း Biology ဖတ်စာအုပ်မှာပါရှိတဲ့ အခန်း(၁၂)ခုလုံးမှ ဆီလျော်သလို ကောက်နုတ်မေးထားတာဖြစ်တယ်။ ဒါကြောင့် ကျောင်းသူ ကျောင်းသားများအနေနဲ့ အခန်း(၁၂)ခန်းလုံးကို သိရှိထားဖို့ လိုအပ်ပါတယ်။ True/False statements မျိုးမှာ မှန်တာလည်းရှိမယ်။ မှားတာလည်းရှိနိုင်တယ်။ ဒသမတန်း Biology ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျက်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက်တော့ ခက်ခဲမှုမရှိနိုင်ဘူး။ statement တစ်ခုဟာ မိမိကျက်ထားတာနဲ့ကိုက်ညီခဲ့ရင် True ဖြစ်မယ်။ မကိုက်ညီဘူးဆိုရင်တော့ False ဖြစ်သွားမယ်။ ဒီမှာတစ်ခု သတိပေးလိုတာကတော့ True/False အတွက် ဖော်ပြထားတဲ့ statements များဟာ ဖတ်စာအုပ်ထဲက တိုက်ရိုက်ယူထားတဲ့ statements များပါသလို အဓိပ္ပာယ်တူပေမယ့် စာကြောင်း တည်ဆောက်ပုံကွဲလွဲတဲ့ statements များလည်းပါနိုင်တယ်။ စာကြောင်းတည်ဆောက်တဲ့အခါ တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ နားလည်နိုင်မယ့် English ကိုအသုံးပြုထားပြီး စာကြောင်းတည်ဆောက်ထားတာဖြစ်တာမို့ Biology အကြောင်းအရာကို နားလည်ထားရင် စာကြောင်းတည်ဆောက်ပုံ ကွဲလွဲပေမယ့် True/False ကို မှန်ကန်စွာ ဖြေဆိုနိုင်ကြပါလိမ့်မယ်။ True/False အတွက် ရမှတ်ဟာ(၂၀)ဖြစ်တယ်။ True/False statements အားလုံးကို မှန်ကန်စွာဖြေဆိုနိုင်ကြမယ်ဆိုရင် ရမှတ်(၂၀)ရပြီးဖြစ်လိမ့်မယ်။

ဒီလိုပဲ Completion အမျိုးအစားကိုတက္ကသိုလ်ဝင်တန်းမေးခွန်းလွှာမှာ မေးခွန်းနံပါတ်(၂)အနေနဲ့ Statements (၂၀)ပေးထားတယ်။ Completion အတွက်ပေးထားတဲ့ Statements များကတော့ True Statements များပဲဖြစ်ရမယ်။ ဒီ Statement အမျိုးအစားကိုလည်း ဖတ်စာအုပ်မှာ တိုက်ရိုက်ယူထားတာ ရှိသလို စာကြောင်းတည်ဆောက်ပုံ ကွဲပြားထားပြီး မှန်တဲ့ Statement လည်းရှိမယ်။ ဒီ Completion Statements များမှာတော့ အလျဉ်းသင့်သလို Statement ကို ကွက်လပ်ထားမှာဖြစ်တယ်။ ကွက်လပ် ထားတဲ့နေရာဟာလည်း မှန်ကန်တဲ့စာလုံးကို ဖြည့်စွက်ပေးနိုင်အောင် အရိပ်အမြွက်ပြထားပြီးဖြစ်တယ်။ ဒီမှာ အထူးသတိထားရမှာကတော့ ချန်ထားတဲ့ကွက်လပ်မှာ မှန်ကန်တဲ့စာလုံးကို စာလုံးပေါင်းမှန်မှန်ကန်ကန် ပေါင်းထားတတ်ရမယ်။ စာလုံးမှန်ပြီး စာလုံးပေါင်းမှားနေခဲ့လို့ရှိရင် ရသင့်ရထိုက်တဲ့ အမှတ်ပြည့်ရမှာ မဟုတ်ဘူး။Completionstatements များကိုလည်း Statement တစ်ခုကိုတစ်မှတ်စီ သတ်မှတ်ထားတာကြောင့် Completion ရဲ့ရမှတ်ဟာ (၂၀)ဖြစ်တယ်။ဒါကြောင့် objectives များဖြစ်တဲ့ နံပါတ်(၁) True/False နဲ့ နံပါတ် (၂) Completion ကို မှန်မှန်ကန်ကန်ဖြေဆိုသွားကြမယ်ဆိုရင် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ အောင်မှတ်(၄၀)ကို ရရှိပြီးဖြစ်မယ်။ ဒါကြောင့် လွယ်လွယ်နဲ့ရနိုင်တဲ့အောင်မှတ်ကို မလွတ်တမ်း ဖြစ်ရအောင် သင်ရိုးကုန်ကျက်မှတ်ကြပါလို့ အထူးသတိပေးလိုက်ပါတယ်။

မေးခွန်းတိုနဲ့ မေးခွန်းရှည်များအနေနဲ့ မေးခွန်းနံပါတ်(၃) Twomarks ၊ မေးခွန်းနံပါတ်(၄) Four marks နဲ့ မေးခွန်းနံပါတ်(၅) Eightmarks တို့ဖြစ်တယ်။ မေးခွန်းနံပါတ်(၃)အနေနဲ့ (၆)ပုဒ်ပေးထားပြီး (၆)ပုဒ်လုံးဖြေဆိုရမှာဖြစ်တယ်။ဒါကြောင့်(၁၂)မှတ်ရရှိမယ်။မေးခွန်းနံပါတ်(၄)အနေနဲ့ (၅)ပုဒ် ပေးထားပြီး (၄)ပုဒ်ဖြေဆိုရမှာဖြစ်တယ်။ အဲဒီတော့ မေးခွန်းနံပါတ်(၄)အနေနဲ့ (၁၆)မှတ်ရရှိမယ်။ မေးခွန်းနံပါတ်(၅) ကတော့ (၈)မှတ်တန်အမျိုးအစားဖြစ်ပြီး (၆)ပုဒ်ပေးထားတဲ့အထဲက(၄)ပုဒ် ဖြေဆိုရမယ်။ အဲဒီတော့ မေးခွန်းနံပါတ်(၅)အတွက် (၃၂)မှတ်ရရှိမယ်။ အားလုံးစုစုပေါင်း ပြန်တွက်ကြည့်မယ်ဆိုရင်–

မေးခွန်းနံပါတ်(၁)	–	၂၀ မှတ်
မေးခွန်းနံပါတ်(၂)	–	၂၀ မှတ်
မေးခွန်းနံပါတ်(၃)	–	၁၂ မှတ်
မေးခွန်းနံပါတ်(၄)	–	၁၆ မှတ်
မေးခွန်းနံပါတ်(၅)	–	၃၂ မှတ်
ပေါင်း	–	၁၀၀ မှတ်

မေးခွန်းနံပါတ်(၁)(၂)(၃)တို့မှာ ရွေးချယ်ပိုင်ခွင့်မရှိဘူး။ မေးခွန်းနံပါတ်(၄)နဲ့ မေးခွန်းနံပါတ်(၅)မှာ ရွေးချယ်ခွင့်ပေးထားတယ်။ မေးခွန်းနံပါတ်(၃)နဲ့(၄)မှာပါတဲ့ Shortquestions များဟာ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများမှ ကောက်နုတ်မေးထားတာဖြစ်တဲ့အတွက် ကျောင်းသား၊ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကို အလွတ်ကျက်မှတ်ခြင်းထက် နားလည်သဘောပေါက်အောင် လေ့လာကျက်မှတ်မှသာ မေးခွန်းတိုများကို ဖြေဆိုနိုင်မှာဖြစ်တယ်။ ဒါကြောင့် တက္ကသိုလ်ဝင်တန်း Biology ဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသူ၊ကျောင်းသားများဟာ ဒသမတန်းပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများကို သေချာစွာလေ့လာပြီး နားလည်သဘောပေါက်အောင် လေ့လာကျက်မှတ်ကြပါလို့ ဆရာမအနေနဲ့ ပြောကြားလိုပါတယ်။

အခုဆက်လက်ပြီး objectives များနဲ့ပတ်သက်၍ ဒသမတန်း Biology ဖတ်စာအုပ်မှ အလျဉ်းသင့်သလို Statements များကို ကောက်နုတ်ပြီး Statement တစ်ခုကို True/False အတွက် True ဖြစ်နိုင်သလို False ဖြစ်သွားအောင် ဘယ်လိုလုပ်နိုင်တယ်ဆိုတာ ဖော်ပြတဲ့အပြင် ၎င်း Statement ကိုပဲ ကွက်လပ်ခံတဲ့အခါ ဆီလျော်အောင် ဘယ်လိုကွက်လပ်ချန်နိုင်တယ်ဆိုတာ အဖြေများနဲ့တကွ ဆက်လက် ဖော်ပြလိုက်ပါတယ်။

1. Theundergroundroot system is made up of the main root and the lateral roots.(True)

   Theundergroundshoot system is made up of the main root and the lateral roots. (False)

   Theunderground-------- system is made up of the main root and the lateral roots.(root)

   Theundergroundroot system is made up of the ------- root and the lateral roots.(main)

   Theunderground root system is made up of the main root and the -------- roots. (lateral)

2. Animals either feed on the organic compounds synthesized by plants or on animals that feed on the plants.(True)

   Animals neither feed on the organic compounds synthesized by plants nor on animals that feed on the plants.(False)

   Animals either feed on the ------- compounds synthesized by plants or on animals that feed on the plants.(organic)

   Animals either feed on the organic compounds synthesized by ------- or on animals that feed on the plants.(plants)

   Animals either feed on the organic compounds synthesized by plants or on ------- that feed on the plants.(animals)

Objectives များကို ဥပမာပေးထားပြီးတော့ မေးခွန်းတိုမေးခွန်းရှည်များကို ဆက်လက်ရှင်းလင်း သွားပါ့မယ်။ မေးခွန်းမှာပုံပေးထားပြီး အညွှန်းနဲ့အကြောင်းအရာကို မေးတဲ့မေးခွန်းမျိုးဖြစ်နိုင်သလို ပုံမပေး ထားဘဲ ပုံဆွဲစေပြီး အကြောင်းအရာမှ ကောက်နုတ်ရေးခိုင်းတဲ့မေးခွန်းမျိုး၊ ဒါ့အပြင် ပုံမပါဘဲအကြောင်းအရာ သက်သက်သာ ဖြေဆိုခိုင်းတဲ့မေးခွန်းမျိုး စသည်တို့ဖြစ်တယ်။ ပုံပေးထားပြီး အကြောင်းအရာနဲ့ အညွှန်းကို ဖြေဆိုခိုင်းရင် ပေးထားတဲ့ပုံကို အဖြေလွှာတွင် လုံးဝ ပြန်လည်မကူးဆွဲရဘူး။ အညွှန်းများကို နံပါတ်စဉ် အလိုက်သတ်မှတ်ထားတဲ့အတိုင်း အဖြေလွှာစာအုပ်မှာရေးပြီး နံပါတ်နဲ့ကိုက်ညီတဲ့အညွှန်းကို ဖော်ပြရမယ်။ ခေါင်းစဉ် Caption ကို တောင်းလာရင်လည်း ပုံရဲ့ခေါင်းစဉ်အမည်ကို အဖြေလွှာစာအုပ်မှာ ဖော်ပြရမယ်။ ပုံနဲ့သက်ဆိုင်ပြီး မေးထားတဲ့အကြောင်းအရာကိုလည်း အဖြေလွှာစာအုပ်မှာဖြေဆိုရမှာဖြစ်တယ်။

အကြောင်းအရာနဲ့ပုံဆွဲစေတဲ့ မေးခွန်းအမျိုးအစားဆိုရင် မေးခွန်းမှာသတိထားရမယ့် စကားလုံးတွေကတော့ အမည်ကိုပဲ ဖော်ပြခိုင်းစေချင်ရင် Name သို့မဟုတ် List လို့မေးခွန်းမှာစတင်မေးထားလိမ့်မယ်။ အမည်ရော အကြောင်းအရာပါ ဖော်ပြစေချင်ရင် Name and state သို့မဟုတ် List and state လို့မေးခွန်းအစမှာ ဖော်ပြထားလိမ့်မယ်။ အကြောင်းအရာပဲဖြေခိုင်းပြီး ပုံမဆွဲ စေချင်ရင်မေးခွန်းရဲ့နောက်မှာ Illustration not essential သို့မဟုတ် Illustration not necessary လို့ဖော်ပြထားမှာ ဖြစ်တယ်။ ပုံနဲ့တကွ ဖြေဆိုစေချင်ရင်တော့ မေးထားတဲ့အကြောင်းအရာကို with a relevant diagram, with relevant diagrams, supported by a relevant diagram လို့ ဖော်ပြထားပြီး မေးလာနိုင်တယ်။ မေးခွန်းများ ထုတ်တဲ့အခါ မည်ကဲ့သို့သော မေးခွန်းမျိုးမဆို အမှတ်ပေါ်မူတည်ပြီး မေးလိုတဲ့အကြောင်းအရာမှ ကောက်နုတ်မေးနိုင်ပါတယ်။ အကယ်၍ သင်ခန်းစာကို ကြက်တူရွေးကဲ့သို့ ကျက်ထားမယ်ဆိုရင်တော့ အကြောင်းအရာမှ ကောက်နုတ်မေးတဲ့မေးခွန်းမျိုးကို အကြောင်းအရာသိထားပေမယ့် ဘယ်လိုကောက်နုတ် ဖြေဆိုရမယ်ဆိုတာ နားလည်နိုင်မှာ မဟုတ်ဘူး။ ဒီမှာ အရေးကြီးဆုံးအချက်ကတော့ သင်ခန်းစာများကို ကျက်မှတ်တဲ့အခါ နားလည်သဘောပေါက်အောင် ကျက်မှတ်ထားဖို့ လိုအပ်တယ်ဆိုတာပဲ ဖြစ်တယ်။ မေးခွန်းအစမှာ Tabulate လို့ပြောလာခဲ့ရင် ဖတ်စာအုပ်ထဲမှာပေးထားတဲ့အတိုင်း ဇယားနဲ့ဖြေဆိုရမယ်။ ဖတ်စာအုပ်ထဲမှာ ပေးထားတဲ့အကြောင်းအရာကို မေးခွန်းမှာ Tabulate နဲ့မစဘဲ State နဲ့ စထားခဲ့ရင်တော့ ဇယားကွက်ထဲမှ အဖြေကိုကောက်နုတ်ပြီး ဇယားမပါဘဲ ဖြေဆိုရမယ်။

ဒီကနေ့ပို့ချတဲ့ သင်ခန်းစာမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရန် ပြင်ဆင်နေကြတဲ့ ကျောင်းသူ၊ ကျောင်းသားများ အကျိုးရှိရှိ ကျက်မှတ်နိုင်အောင် ရှင်းလင်းဖော်ပြထားတာကြောင့် ဒီသင်ခန်းစာကို ဂရုတစိုက်လေ့လာထားတဲ့ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ မိမိတို့ရဲ့ သင်ခန်းစာများကို လေ့လာ ကျက်မှတ်တဲ့အခါ များစွာအထောက်အကူပြုလိမ့်မယ်လို့ ခြွင်းချက်မရှိ ယုံကြည်ပါတယ်။ အောင်မြင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီကနေ့ပို့ချချက်ကို ဒီမှာပဲရပ်နားလိုက်ပါတယ်။ ။

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၆) နဝမတန်း(စီ)မှ မောင်ဘိုဘို ထွန်းနှင့် သတ္တမတန်း(G)မှ မထူးထက်ထက်သော် တို့၏ ဖခင်အမည်မှန်မှာ ဦးဌေးဦး [၁၀/မလမ(နိုင်) ၀၄၉၀၆၅] ဖြစ်ပါကြောင်း။

မွေးနေ့ဆုတောင်း

ချစ်မြေးဦး **"ဘုန်းမြင့်မိုရ်"** ၏ ၂၇-၂-၂၀၀၄နေ့တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မှသည် နှစ်(၁၀၀)တိုင် စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြင့် လိုအင်ဆန္ဒပြည့်ဝသော သားလိမ္မာလူရည်ချွန်၊ လူရည်မွန် လေးဖြစ်ပါစေ။

ဘိုးဘိုး– ဦးဥာဏ်ထွန်း
ခရိုင်အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ သံတွဲမြို့။
ဘွားဘွား– ဒေါ်ကြည်ကြည်ခိုင်။

မွေးနေ့မင်္ဂလာ

သားသား **"ဘုန်းမြင့်မိုရ်"** ၏ ၂၇-၂-၂၀၀၄နေ့တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မှသည် နှစ်တစ်ရာတိုင် ကျန်းမာရွှင်လန်းပါစေ။

ရုံးဝန်ထမ်းများ
ခရိုင်အင်ဂျင်နီယာမှူးရုံး၊ သံတွဲခရိုင်၊ သံတွဲမြို့။

"YOUTH STARS"

SS Food Channel

Yan Aung

ချစ်ဝင်း 253809 730854

ငွေရာသီ ရေကူးသင်တန်း ☎ 513109
သင်တန်းဖွင့်မည့်နေ့ (6-3-2004)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၁၀/၂၀၀၄
(၂၀၀၄ခုနှစ်၊ဖေဖော်ဝါရီလ ၁၈ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	နည်းပြအရာရှိ (ရေယာဉ်တည်ဆောက်မှုပညာဌာန)	–အနိမ့်ဆုံးစက်မှု/မြို့ပြ/သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်း တက်ရောက်ရန်အဆင့်မီသူ	၃ နေရာ
(ခ)	နည်းပြအရာရှိ (ရေကြောင်းအင်ဂျင်နီယာပညာဌာန)	–M.Sc (MET) Marine Engineering	၃ နေရာ
(ဂ)	နည်းပြအရာရှိ (ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာန)	–အနိမ့်ဆုံးမြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန်အဆင့်မီသူ	၄ နေရာ
(ဃ)	နည်းပြအရာရှိ (မြစ်ချောင်းနှင့်အဏ္ဏဝါအင်ဂျင်နီယာပညာဌာန)	–အနိမ့်ဆုံးမြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိပြီးသား အင်ဂျင်နီယာတန်း တက်ရောက်ရန်အဆင့်မီသူ	၃ နေရာ
(င)	နည်းပြအရာရှိ (ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရွန်နစ်အင်ဂျင်နီယာပညာဌာန)	–အနိမ့်ဆုံးလျှပ်စစ်စွမ်းအား/အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန်အဆင့်မီသူ	၄ နေရာ
(စ)	နည်းပြအရာရှိ (ရေကြောင်းသိပ္ပံပညာဌာန)	–M.Sc (MET) Nautical Science	၅ နေရာ
(ဆ)	နည်းပြအရာရှိ (အလုပ်ရုံနည်းပညာဌာန)	–အနိမ့်ဆုံးစက်မှု/လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာတန်း တက်ရောက်ရန်အဆင့်မီသူ	၄ နေရာ
(ဇ)	လက်ထောက်အင်ဂျင်နီယာ (သင်ထောက်ကူပစ္စည်းပြုပြင်ထိန်းသိမ်းရေးဌာနခွဲ)	–စက်မှုအင်ဂျင်နီယာဘွဲ့(သို့မဟုတ်) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ရရှိသူ	၂ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၈-၃-၂၀၀၄နေ့တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၃-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀/–ကို သီးခြား ပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/ ပေးသွင်း ရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် – ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၃-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၄-၄-၂၀၀၄နေ့နှင့် ၂၅-၄-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၂၂-၄-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး များ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် – ၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် –၁၁/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးသိပ္ပံ ဦးစီးဌာနရုံးချုပ်များတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဦးစီးအရာရှိ (ဆေးဝါး)	ဆေးဝါးကျွမ်းကျင်မှုပညာဘွဲ့	(၂) နေရာ
(ခ)	ပြတိုက်မှူး	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ	(၂) နေရာ
(ဂ)	စာကြည့်တိုက်မှူး	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာကြည့်တိုက်ဒီပလိုမာရရှိသူ	(၂) နေရာ
(ဃ)	ဌာနစုမှူး (ငွေစာရင်း) / ဦးစီးအရာရှိ (ဘဏ္ဍာ)	ဝါဏိဇ္ဇဘွဲ့	(၂) နေရာ
(င)	ဌာနစုမှူး (ကွန်ပျူတာ)	ကွန်ပျူတာသိပ္ပံဘွဲ့	(၁) နေရာ
(စ)	ဦးစီးအရာရှိ (အင်ဂျင်နီယာဌာနခွဲ)	စက်မှုအင်ဂျင်နီယာဘွဲ့	(၁) နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၈-၃-၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၃-၂၀၀၄နေ့အရောက် ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀/–ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် – ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၃-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၄-၄-၂၀၀၄နေ့နှင့် ၂၅-၄-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂-၄-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် –၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



မိတ်ကပ်
ဇော်ဇော်
(ထီလာ)
အမှတ် (၂၇၅)၊ ဒုတိယထပ်၊ လမ်း ၄၀ (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း၇၀၁၃၃၀။

YOMA PH - 223932

MTKK Tourism Co. Ltd

SNS

CAR RENTAL
☎ 297728, 370909

ရောင်းမည်
တောင်ဒဂုံစက်မှုဇုန်(၂) ယခုဝယ်၊ ယခုအလုပ်လုပ်နိုင်ခြင်း၊ခြံအကျယ် ၉၀'X၆၀' အုပ်ရိုးအပြည့်၊ ထောင့်ကွက်၊ ၄၀' X၄၀' စက်ရုံ ၁၅'X၅၀' လူနေရုံးခန်း (၂)ထပ်ပါ။ ရေမီးစုံ၊ ပါဝါမီတာ(၂)လုံးရှိ၊ ညှိနှိုင်းဈေးရောင်း။**ဖုန်း –၀၉၉၈၂၆၇၁၉၊ ၂၄၀၈၂၅။**

MYANMAR RYOKO

အမြန်ရောင်းမည်
25' x 50' အခန်းဖွဲ့ပြီး အသင့်နေနိုင် Ph, A/C ပါ (၄လွှာ) အုန်းတောကမာရွတ်၊ ဟံသာရိပ်မွန်အိမ်ရာ။
Ph: 505713, 505615

ငှားရန်/ရောင်းရန်
ဗိုလ်ချုပ်ဈေးရှေ့၊ (၂၈)လမ်း၊ အောက်ထပ်–ပေါ်ထပ်တစ်တွဲ ငှားရန်၊ ည ၁၁နာရီထိ ဆိုင်ဖွင့်နိုင်သည်။
ရေကျော်တိုက်သစ်ရောင်းရန်။
ဖုန်း–၂၉၈၉၈၀၊ ၂၉၈၉၄၁။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မွေစေတီလမ်း၊အမှတ်(၁၄၄)နေ ဒေါ်ရွှေဥ မှတ်ပုံတင်အမှတ်[၁၃/တကန(နိုင်)၀၁၀၇၄၉] က ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၀စီ၊ မြေကွက်အမှတ်(၄၅၆ ဂျီ /၂) မြေအမည်ပေါက် ဦးသန့်စင်+ဦးအောင်မြင့် အမည်ရှိ မြေပိုင်မြေအား အမည်ပြောင်းခွင့်ပြုပါရန် လျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

၁/၂၀၀၄ သရုပ်ဆောင်သင်တန်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ ၁/၂၀၀၄ သရုပ်ဆောင်သင်တန်းဖွင့်လှစ်မည်ဖြစ်ပါသဖြင့် သင်တန်းဝင်ခွင့်ပုံစံများ ဝယ်ယူနိုင်ပြီဖြစ်ပါသည်။ (ရုပ်ရှင်သရုပ်ဆောင်သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အပတ်စဉ် ရုပ်ရှင်သတင်းစဉ်တွင် ဖတ်ရှုနိုင်ပါသည်။)

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ငပလီကမ်းခြေ အပန်းဖြေခရီးစဉ်
- Air Con Bus
- Standard Hotel
- Restaurant
- Guide Service
- Medical Care

Mar-5 | Mar-5 | Mar-20 | Mar-5 | Mar-5 | Mar-5 | Mar-18 | Mar-25

(Air Line) ☎ 510491

M A T ® Management & Accountancy Training College
No.165 Shwebontha Street, Pabedan Tsp
Quality & Success
Hotline: 242431, 241713

Business Management Programme

ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများတွင် တာဝန် ထမ်းဆောင် လျက်ရှိသော လုပ်ငန်း အကြီး အကဲ များနှင့် မန်နေဂျာများ အတွက် ရည်ရွယ်၍ ဖွင့်လှစ် သော သင်တန်းဖြစ်ပါသည်။

Commencing date: 16.03.2004(Tuesday)

Enroll Now ! E.mail : Drtinlatt@mat.com.mm

IRON CROSS UNPLUGGED

မျှော်လင့်နေသောပရိသတ်များအတွက် IRON CROSS UNPLUGGED DVD ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင်စတင်ဖြန့်ချိပါမည်။ မြန်မာနိုင်ငံတွင် ပထမဆုံး INTERACTIVE MENU များပါဝင်သော DVD-9အဖြစ် QUALITY ကောင်းမွန်စွာ ပြုလုပ်ထားပြီး ဖေဖော်ဝါရီလ(၂၇)ရက်နေ့မှမတ်လ(၆)ရက်နေ့အတွင်း DVDတစ်ချပ်ဝယ်ယူသူတိုင်းကို 30"x40" POSTERကြီး တစ်ခုစီ လက်ဆောင်ပေးပါမည်။ TAPE, CD, VCD များကို အားပါးတရဝယ်ယူအားပေးကြသောပရိသတ်များအား ကျေးဇူးအထူးတင်ရှိပါသည်။

Imperial Fruit Group
1-3-2004 မှ 7-3-2004 ထိ
Special Computer
☎ 02-80856, 02-36444, 09-200 3679

လက်ရှိအသုံးပြုနေသော
မွှေစက် (ရောင်းရန်ရှိသည်)
Model-FA-60 L.G
ဆက်သွယ်ရန်-၅၈၁၁၃၅
(ရုံးချိန်အတွင်း)

အသက် (၉) နှစ်မှ (၁၅) နှစ်အရွယ်
ကလေးများအတွက်
ဦးကံညွန့်မောင်
နွေရာသီအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း

အမြန်အငှားရှိသည်
မြို့နယ်စုံလုံးချင်းတိုက်ခန်း FMI, 40'x60', 60'x80' အိမ်၊ မြေမြေများကို ရောင်း၊ ဝယ်၊ ငှား လိုပါသည်။ ပိုင်ရှင်များ အမြန်ဆက်သွယ်ပါ။
ဖုန်း-၂၄၉၄၇၁၊ ၀၉၈၀၂၄၆၂၆။

RUBY Car Rental
725317, 650823

INFORMATICS
(လမ်းမတော်)

*Software Engineering သင်တန်းများ မတ်လ (၁) ရက်နေ့ တွင် ဖွင့်မည် ။
*ကလေးများအတွက် နွေရာသီ ကွန်ပျူတာ အထူး သင်တန်းများ မတ်လဆန်း တွင် ဖွင့်မည်။

10% Discount | ဖုန်း- ၂၅၁၀၆၄

JOB VACANCY
(Local Service Only)

1. Accountant - 1 post
   - B.Com or any degree with DA (LCCI), CPA is preferred
   - Computer literate & able to use ACCPAC software
2. Sales Executive - 2 posts
3. Sales & Marketing Assistant - 5 posts
4. Marketing Executive - 2 posts
5. Marketing Assistant - 1 post
6. IT Admin - 1 post
   - able to use internet & email well & IT knowledge is preferred
7. Technician - 2 posts
   - Minimum THS level.

For position 1 to 6, candidates must be University graduate.
All candidates must have minimum 2 years experience in relative field & able to communicate in English both oral & written. Interest person may submit CV with labour registration card to
Eight Eagles Co., Ltd. (Kristite Compound)
No. 3, Kaabe Road, Yankin Township, Yangon
within 7 days of this advertisement.

နှလုံးရောဂါအထူးကုဆရာဝန်ကြီး
ပါမောက္ခဒေါက်တာဒေါ်ချိုလေးမော
နှင့်
တွေ့ဆုံဆွေးနွေးထားသော
နှလုံးရောဂါများအကြောင်း
ယင်းယင်းထွန်းအောင် (ကျန်းမာရေး)

Treasure Publishing House

ENGLISH (U.M.N)
အင်္ဂလိပ်စကားပြော & သဒ္ဒါ
Visa - ဝင်ခွင့်၊ နိုင်ငံခြားသွားစကားပြော
Interview မျိုးစုံ၊ Home Tuition - အထူး
ကလေးများအတွက်သီးသန့်အခန်း
၁၅၄ ၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။ ☎ 708503

ဆရာနုးကြီး ကျားအားနည်း

လပြည့်ဝန်းပလာဇာတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ **Manager** ကျား/မ (၂) ဦး
- စားသောက်ဆိုင်လုပ်ငန်း (သို့) Hotel လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းရှိရမည်။
- တရုတ်ဘာသာ (သို့) English ဘာသာကျွမ်းကျင်ရမည်။

၂။ **Accountant** မ (၁) ဦး
- B.Com / LCCI (III) / Accounting ကျွမ်းကျင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
- အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်း

၃။ **Marketing** မ (၂) ဦး
- ရုပ်ရည်ပြေပြစ်၍ ပြောဆိုဆက်ဆံရာတွင် သွက်လက်ယဉ်ကျေးပြီး လုပ်ငန်းတွင် စိတ်ပါဝင်စားသူအား ဦးစားပေးမည်။
- ဘွဲ့ရပြီး ကွန်ပျူတာအသုံးပြုနိုင်ရမည်။
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း

၄။ **Sale Promotor(အရောင်းစာရေး)** မ (၃) ဦး
-တက္ကသိုလ်နောက်ဆုံးနှစ် (သို့) ဘွဲ့ရပြီးသူ ဦးစားပေးမည်။
- ရုပ်ရည်ပြေပြစ်၍ ကုန်ပစ္စည်းရောင်းရာတွင် စိတ်ဝင်စားသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
- အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း

၅။ **Waiter** ကျား (၅) ဦး
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
- ယဉ်ကျေးပျူငှာစွာ ဆက်ဆံတတ်ပြီး အလုပ်ခွင်တွင် စိတ်ဝင်စားသူအား ဦးစားပေးမည်။

၆။ **Assistance Chief** ကျား (၁) ဦး
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း

အထက်ဖော်ပြပါနေရာများအတွက် စိတ်ဝင်စားသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မိမိ၏ကိုယ်ရေးအချက်အလက် အသေးစိတ်နှင့် အတူ ဓာတ်ပုံတွဲ၍ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

Liberty Hotel
အမှတ်(၃၄၃)၊ ဟံသာဝတီအဝိုင်းအနီး၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း-၅၃၆၂၄၃၊ ၅၂၅၉၇၄။

ခုနစ်အားကျူရှင်ကျောင်း

B.A(Myanmar)

ခုနစ်အားကျူရှင်ကျောင်း

CD Count

---

iNTEGRA Systems
iPOS
Stock Control Software
ကုန်စာရင်းထိန်းကွန်ပျူတာစနစ်

iNTEGRA Systems Company Limited
42-D, New University Avenue Road, Bahan Township, Yangon.
Ph : 557638, 703839

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'
Must, All Adults, Be Able to Drive
နယူးအေးရှား (NEW ASIA) အဝင်ဝ (မြို့မ)
- ၂၀၀၄-ခု မတ်လ (၃) ရက်နေ့မှ
- (Normal Course) နှင့် (Short Course)

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

First Top Co.,Ltdလက်အောက်ရှိ Top ဆပ်ပြာမှုန့် ဖြန့်ချိရေး၊ ရန်ကုန်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသဖြင့် လျှောက်ထားနိုင်ပါသည်။

၁။ **Marketing Executive** ကျား (၂) ဦး
- ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

၂။ **ရောင်းမောင်း (Sales Man)** ကျား (၅) ဦး
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိပြီး ၂-တန်ယာဉ်ဖြင့် နယ်ခရီးမောင်းနိုင်ရမည်။

၃။ **ယာဉ်မောင်း (Marketing လုပ်ငန်းသုံး)** ကျား (၂) ဦး
- ယာဉ်မောင်းသက်တမ်း(၂)နှစ်နှင့် နယ်ခရီးမောင်းနိုင်သူဦးစားပေးမည်။

၄။ **လက်ထောက်စတိုမှူး (Assistant Store Keeper)** ကျား (၁) ဦး
- ဘွဲ့ရ၊ စတိုအတွေ့အကြုံအနည်းဆုံး (၃)နှစ်ခန့်ရှိရမည်။

၅။ **Sales Promoter (အရောင်းမြှင့်တင်ရေးဝန်ထမ်း)** မ (၄) ဦး
- ဘွဲ့ရ၊ နယ်ညအိပ်ခရီးသွားနိုင်သူဦးစားပေးမည်။

လျှောက်ထားသူသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း အောက်ပါလိပ်စာတွင် ပုံစံဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

First Top Co., Ltd.
အမှတ်(၄၇/၄၈)၊ ဗဟိုစည်အိမ်ရာဝင်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အမှတ်(204/208)၊ ... ☎ 252804, 283359

The Leading Software Developer in Myanmar

MIT

MultiPOS

Software

၄၀%

☎ ၆၅၂၂၆၅ ၆၅၂၉၀၂ ၆၅၂၉၀၃

Sunshade

Linpo Co.,Ltd

SAYA-TONY

IELTS / TOEFL / FCE

- Spoken English Course
- Interactive General English Course
- All Round Development (4 Skills)
- Foreign Going English Course

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆

ရန်ကုန်တိုင်းတွဲဖက်တိုင်းတရားသူကြီး(၂)

၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်–၁၃၇

ဒေါ်မြမြစန်း	နှင့်	ဒေါ်အေးမေပါ–၂
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်–၂၉၄တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ခုနှစ် မတ်လ(၂၉)ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၉ရက်) မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ဒေါ်အေးမေပိုင်ဆိုင်သော အမှတ်–၁၃၄၊ ဆရာထွန်းလမ်း၊ စမ်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရှိ ပထမထပ်တိုက်ခန်း၊ (ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၇၀၊ ကြမ်းခင်းဈေး)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

အများပြည်သူသိစေရန်ကြေညာခြင်း

[illegible]

The Decorators' Group [illegible]

[illegible]

ဦးနိန်ဝင်း (ဥပဒေ) – B.A, H.G.P, C.B.L, D.B.L, M.L

[illegible]

☎ : 01-245540, 283670

MLA INTERNATIONAL

ENROLL NOW

Summer Course on English Language Proficiency Programme

(Mandarin & Basic Computer Courses are also included) MARCH, APRIL, MAY - 2004

(COMMENCING 1st MARCH 2004)

MORNING SESSION - Grade III to Grade V (8:00 AM TO 12:00 Noon)

AFTERNOON SESSION - KG to Grade II (12:30 PM TO 4:30 PM)

No. 64, Golden Valley Road, Bahan Township, Yangon, Myanmar.

Ph: 01-527006, 01-705066

အများသိစေရန်ကြေညာချက်

ဦးမျိုးသိန်းထွန်း(သဖရ(နိုင်)၀၀၀၁၄၃)နှင့် ဒေါ်စန်းစန်းဝင်း(KMDE-၀၀၈၇၆၆)တို့သည် ၆–၂–၁၉၉၉မှ ယနေ့ထိ လူသိရှင်ကြား ပေါင်းသင်းနေထိုင်လျက်ရှိပါသည်။ ဦးမျိုးသိန်းထွန်းသည် ဒေါ်စန်းစန်းဝင်းအား တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိပါ။ ကျွန်မဒေါ်စန်းစန်းဝင်းသာလျှင် ဦးမျိုးသိန်းထွန်း၏ တရားဝင် ဇနီးကြီးဖြစ်ပါသည်။

ဒေါ်စန်းစန်းဝင်း
မှတ်ပုံတင်အမှတ်(KMDE-၀၀၈၇၆၆)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြကြည်(၆၈)နှစ်

ရွှေဘိုမင်းသမီးသနပ်ခါး

ဦးငွေလှိုင်–ဒေါ်လဲ့လဲ့ဦး(မာလာမြိုင်အင်တာပရိုက်လီမိတက်)တို့၏မွေးသမိခင်ကြီး ဒေါ်မြကြည် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူခံစားရပါကြောင်း။

(ဦးထွန်းကြည်)–ဒေါ်ချောချော(မြေလတ်ရာဇာစိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေး)

ဦးမြင့်ဆွေ–ဒေါ်လီလီမြင့်(သုံးရာသီစိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေး)

ဦးတင်ဝင်း–ဒေါ်ညွန့်ညွန့်သန်း(ချမ်းမြေ့စိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေး)

ဦးဗိုလ်ကြည်–ဒေါ်ချိုမာငွေ(ဂြိုဟ်တုစိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေး)

ဦးသိန်းထွန်း–ဒေါ်ရွှေမ(ခွန်ရာဇာစိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေး)

ဝမ်းနည်းကြေကွဲခြင်း

ဦးယာပိုင်(ရမည်းသင်း) အသက်(၆၁)နှစ်သည် ၂၂–၂–၂၀၀၄တွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမောင်မောင်ပွဲရုံ
ကိုထွန်းထွန်း၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

[illegible]

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)

ရန်ကုန်တိုင်းတရားရုံး

၁၉၉၉ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၆နှင့်ဆက်သွယ်သည့်

၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၁၇

မြန်မာနိုင်ငံကက်သလစ်သာသနာပြုဘုတ်အဖွဲ့ **နှင့်** ဦးသိန်းဟန်(ခ)မာမက်အရွတ် (၎င်း၏ကိုယ်စားအတွင်းရေးမှူး ဦးထွန်းညို)

ဒီကရီအနိုင်ရသူ	**တရားရှုံး**

ရန်ကုန်မြို့၊ သဃ်န်ကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အမှတ်(၅၉)နေ ဦးသိန်းဟန်(ခ)မာမက်အရွတ် သိစေရမည်။

၁၉၉၉ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၆တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ခုနှစ်၊ မတ်လ ၈ရက်၊ (၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန် တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းသိန်း
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွှန့်မေ

အသက်(၇၀)

ရွှေခြင်္သေ့အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက်မှ ဦးကိုကိုကြီး (အရောင်းမန်နေဂျာ)၏ မိခင်ဖြစ်သူ ဒေါ်ညွှန့်မေသည် ၁၆–၂–၂၀၀၄ရက်တွင် ပုလဲမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေခြင်္သေ့အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဒါရိုက်တာ အောဝမ်းဦးလှမျိုး
ဒုတိယဉက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

အန်ကယ်ဦးလှမျိုးသည် ၂၄-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

သုခမိန်ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒါရိုက်တာ အောဝမ်းဦးလှမျိုး

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဉက္ကဋ္ဌ(၂)ဒါရိုက်တာ အောဝမ်းဦးလှမျိုးသည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) တွင်ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်း
အသက်(၅၀)

အရာခံဗိုလ် ဝန်ထောက် တင်မောင်ဆွေ၏ဇနီး ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်းသည် ၂၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးမြင့်စိုး(ငြိမ်း)ဒေါ်ခင်ခင်စိန် ရန်ကုန်မြို့၊ ဦးမျိုးဆင့်-ဒေါ်ခင်အေးမြင့် တောင်ငူမြို့၊ ဒေါ်ရီရီတင့် တောင်ငူမြို့။

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)
ဦးရွှေစောဦး
အသက်(၉၆)နှစ်
(စစ်တွေ-မင်းပြား)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) ၏ ဂုဏ်ထူးဆောင်နာယက၊ တောင်ဥက္ကလာပ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၈၉)နေ ဒေါ်စံဂိုးဖြူ၏ ခင်ပွန်းသည် ၂၆-၂-၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၂၈-၂-၂၀၀၄ရက် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းသူအသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။ အမှုဆောင်အဖွဲ့။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
ပန်းချီဆရာကြီးဦးအုန်းဖေ
အသက်(၈၈)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ ပုံကျွန်းရပ်နေ(ဦးဖေ-ဒေါ်စု)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဗောဂလမ်း၊ အမှတ်(၂၃)၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ ခြံအမှတ်(၈၄)နေ ဒေါ်အုန်း၏ခင်ပွန်း၊ ဒေါ်အုန်းမြင့်၏ဦးလေး၊ သားသမီး ၁၃ယောက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၃၅ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၆-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၈-၂-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
Sgt. Thawng Kho Nang(Retd)
Hat Zaw
အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၇)ရပ်ကွက်၊ ကျန်စစ်သားရိပ်မွန်၊ Phaizaကျေးရွာနေ Pa Zet Khup-Nu Nem Khaw Dim)တို့၏ သား၊ Pa Tunza Gun (Nu Zen Kho ZO)-(Nu Suan Za Dim)တို့၏ ညီ/မောင်၊ ဒေါ် Gin Za Cing၏ ခင်ပွန်း၊ Tg.Khup Lam Tuang၏ ဖခင် Pa Thawng Kho Nang သည် ၂၆-၂-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၇-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ဇမာနွေလ ဘုရားကျောင်းတို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ညွန့်ဝေ(ခ)မဘုတ်
အသက်(၄၉)နှစ်

ပဲခူးတိုင်း၊ကဝမြို့နယ်၊အုန္နဲကျေးရွာ မြသဇင်ဆန်စက်နေ (ဦးဘညွန့်)-ဒေါ်မေရှင်တို့၏ သမီး၊ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်နေ ဦးအေးဖေ (မြသဇင်ဆန်စက် ယခင်သိန်းထိုက်ဆန်စက်)-ဒေါ်ညွန့်ညွန့်(တိုင်းရင်းမေစာစဉ်)တို့၏ သမီးချွေးမ၊ ဦးပဋ္ဌင်းဦးပုည၏ညီမ၊ ဦးလင်းအေးဖေ၏ ချစ်လှစွာသောဇနီး၊ မဦး၊ ကိုစည်သူ-မသန့်၊ ကိုကျော်ဇေလင်း-မမျိုးမျိုးစိုး၊ မောင်သီဟလင်းတို့၏ မွေးသမိခင်၊ မောင်အောင်စည်သူ၏အဘွားသည် ၂၅-၂-၂၀၀၄ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် အုန္နဲကျေးရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင် (၈၁)နှစ်

ရန်ကုန်မြို့၊ (၈-စီ)၊ နီကောရိပ်သာ၊ မရမ်းကုန်းမြို့နယ်နေ (ဦးစိုးမြင့်၊ ဘီအိုစီ)၏ ဇနီး၊ ဒေါ်ဝင်းစိုးမြင့်၊ ဦးကျော်စိုးမြင့်၊ ဦးသက်ထွန်း-ဒေါက်တာလွင်မာလာတို့၏ မိခင်၊ ဦးမျိုးသာ-ဒေါ်သန်းသန်းခင်၊ ဒေါ်အေးမြသာ၊ မယဉ်မွန်သက်၊ မောင်ခိုင်လင်းထွန်းတို့၏ အဘွားသည် ၂၅-၂-၂၀၀၄ရက် နံနက် ၁၀:၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒ အရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ညွန့်ဝေ(ခ)မဘုတ်
အသက်(၄၉)နှစ်

ပဲခူးတိုင်း၊ကဝမြို့နယ်၊အုန္နဲကျေးရွာ မြသဇင်ဆန်စက်နေ (ဦးဘညွန့်)-ဒေါ်မေရှင်တို့၏သမီး၊ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်နေ ဦးအေးဖေ(မြသဇင်ဆန်စက် ယခင်သိန်းထိုက်ဆန်စက်)-ဒေါ်ညွန့်ညွန့်(တိုင်းရင်းမေစာစဉ်)တို့၏ သမီးချွေးမ၊ ဒေါ်ပြုံးပြုံးအေး၊ ဦးဆန်းဝင်း-ဒေါ်ဆွေဆွေအေး၊ ဒေါက်တာဝင်းနိုင်-ဒေါ်ဝေဝေအေး၊ ဦးရဲထွဋ်-ဒေါက်တာနွယ်နွယ်အေး၊ဦးမျိုးဝေ-ဒေါ်မွန်မွန်အေး၊ ဦးဝင်းအေးဖေ-ဒေါ်နီနီအေးတို့၏ညီမ၊ ကဝမြို့နယ်၊ အုန္နဲကျေးရွာ မြသဇင်ဆန်စက်နေ ဦးလင်းအေးဖေ၏ ချစ်လှစွာသောဇနီးသည် ၂၅-၂-၂၀၀၄ရက် ည ၉:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၂၇-၂-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် အုန္နဲကျေးရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိဘ၊ ညီအစ်ကိုမောင်နှမများ။

ကိုမျိုးမင်း (၃၅)နှစ်
B.E (Mech)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ယုဝတီလမ်း၊ အမှတ်(၃၆၄)နေ ဦးထွေး(ဒုတိယအထွေထွေမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်စိုးစိုးရှိန်တို့၏ သား၊ပဲခူးမြို့၊ဥသာမြို့သစ်၊(၁၃/၁၈၈)၊ ဘုရင့်နောင်လမ်းနေ ဦးအေးမြင့်-ဒေါ်ဟန်ကြည်တို့၏ သားသမက်၊ ကိုကျော်စံဝင်း - မအေးအေးမြိုင်၊ ကိုသောင်းထွန်း-မခင်ခင်ထွေး၏မောင်၊ မဇင်မေဦး၊ ကိုကျော်စွာဝင်း-မနန်းသီတာဦး၊ Dr.မြတ်မွန်အေး၊ မအေးမြတ်လှိုင်၊ ကိုဇော်မင်းထွေး၊ မမေမဋ္ဌုထွေးတို့၏ အစ်ကို၊ မသက်နှင်းလှိုင်၏ ခင်ပွန်း၊မောင်ကျော်ဇင်သော်၊ မောင်ဝေလင်းထက်၊ မောင်ဖြိုးဟန်ကျော်နှင့် သားသားလေးတို့၏ ဦးလေးသည် ၂၅-၂-၂၀၀၄ရက် နံနက် ၁၀:၂၅နာရီ တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပ၍ ၂၇-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်အာကာကိုကို(၂၅)နှစ်
(စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ အမှတ်(၂၆)၊ ဆီဆုံလမ်းနေ ဦးစံညွန့်-(ဒေါ်တင်တင်ကြည်)တို့၏မြေး၊ ဦးရဲဆင့်-ဒေါ်ငွေငွေမြင့်တို့၏ သားငယ်၊ ဦးသောင်းမြင့် (မြန်မာ့ဆိပ်ကမ်း) - ဒေါ်လှယဉ်မေ၊ ဦးတင်လှိုင်-ဒေါ်လှလှမြင့်၊ ဒေါ်သက်သက်မြင့်(ကျန်း/ဦးစီး)တို့၏ တူ၊ မောင်ရာဇာကိုကို၏ ညီငယ်သည် ၂၅-၂-၂၀၀၄ရက် မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်အေး(အမေအေး)
အသက်(၇၈)နှစ်
(မော်လမြိုင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၁၀၄)နေ (ဦးဖေမြင့်)၏ ဇနီး၊ (ဦးမျိုးမြင့်)၊ (ဒေါ်အေးအေးမြင့်)၊ဒေါ်လှလှထွေး(အမက-၃၊တာမွေ)ဦးဉာဏ်မြင့်-ဒေါ်နွယ်နွယ်ရှိန်၊ ဦးကျော်လွင်-(ဒေါ်ရီ ရီနွဲ့)၊ ဦးကျော်လွင်-ဒေါ်စိုးစိုးမူ(ရန်ကုန်စာတိုက်ကြီး)၊ ဦးတင်မောင်ဆန်း (အငယ်တန်းအင်ဂျင်နီယာ-၂၊မိုက္ကရိုဝေ့ဗ်)-ဒေါ်ယဉ်ယဉ်မြင့်(တာဝန်ခံ၊ မြောင်းတကာအိတ်ချိန်း)၊ ဦးကျော်ဝင်း (စုံစမ်းရေးမှူး၊စစစ)-ဒေါ်ဖြူဖြူစော၊ ဦးကျော်မင်း-ဒေါ်စုဝင်းမြတ်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၂ယောက်တို့၏ အဘွားသည်၂၆-၂-၂၀၀၄(ကြာသပတေးနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၈-၂-၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ဖြူဖြူ(၇၆)နှစ်
ကျောက်တန်းမြို့နယ်အသင်းဝင်

ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ်၊ အင်းဝလမ်း၊(၁၇/၂၀)နေ(ဦးဖိုးမှျင်၊ C.D.Pအပတ်စဉ်-၁)၏ဇနီး၊ ဦးမောင်မောင်လွင် (ငြိမ်း၊ အင်ဂျင်နီယာချုပ်၊ B.A.C)-(ဒေါ်စိမ်းစိမ်း)၏ ညီမ၊ ဦးခင်လှိုင်-ဒေါ်မြင့်မြင့်မော်၊ ဦးလှထွန်း(ရုပ်ရှင်အစည်းအရုံး)-ဒေါ်တင်ရွှေ၊ ဦးမျိုးဝေ (အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)- ဗိုလ်မှူးဒေါ်ခင်ထားမြင့် (ငြိမ်း) (FIFAသောက်ရေသန့်လုပ်ငန်း)၊ ဦးစိန်လွင်-ဒေါ်ခင်ထားတင့် (အလက-၁၊ဗဟန်းကျောင်းအုပ်၊ငြိမ်း)၊ ဦးဘဘာ-ဒေါ်ခင်ပြုံးမြက်၊ ဦးသိန်းလွင်-ဒေါ်စန်းစန်းရီ၊ ဒေါက်တာဇလွင်(ဒေသန္တရကျန်းမာရေးဌာန၊ သဃ်္ဃန်းကျွန်းမြို့နယ်)-ဒေါ်သိန်းသိန်းအေး၊ ဦးသက်လွင်-ဒေါ်ကြည်ကြည်တို့၏မိခင်၊ မြေး၁၂ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၆နာရီတွင်ကွယ်လွန်ပါ၍ ၂၇-၂-၂၀၀၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မေနု(ခ)ကန်းလူကင်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂၃၇)၊ (၃၇)လမ်း၊ ပထမထပ်(ဝဲ)နေ၊ ဦးကျော်မြင့်၏ ဇနီး၊ ကိုကြည်ငွေး-ဝေါင်မီလန်၊ မခင်ခင်အေး-အထျန်၊ မသန်းသန်းအေး-Pak Eng၊ ကိုသန်းငွေး၊ ကိုလှငွေး၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၀၄ရက် နံနက် ၅:၃၀နာရီတွင် နေအိမ်မှ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သိန်း(၆၈)နှစ်
(ဒေါပုံသဘော်ကျင်း)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နဝဒေး (၁)လမ်း၊ အမှတ်(၁၈၁)နေ (ဦးအောင်သိန်း-ဒေါ်ညို)တို့၏ သား၊ ဒေါ်နွဲ့၏ ခင်ပွန်း၊ ဦးစိုးလွင်-ဒေါ်ခင်မူ(အာမခံ)၊ ဦးအုန်းမြင့် (Wing Tak)-ဒေါ်အမာကြူ တို့၏အစ်ကို၊ ဦးမင်းဇော် (M.D Esteem Co)-ဒေါ်အေးအေးခိုင် (S.E.C.D)၊ ဦးစောလင်းသိန်း(ခ)မောင်တာ (Uniteam Co) - ဒေါ်တင်မိုးကြည်၊ ဦးရဲမင်းသိန်း (Victoria Co)-ဒေါ်ချိုချိုလွင် တို့၏ဖခင်၊ မောင်ဇော်ထက်ခိုင် (Uniteam Co)နှင့် မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၆-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးယာပိုင် (၆၁)နှစ်
ပွဲရုံလုပ်ငန်း၊ (ရမည်းသင်း)

ရမည်းသင်းမြို့၊ အနောက်ရပ်၊ သစ္စာလမ်းနေ ဒေါ်ခင်ပြုံးကြည်(ကျန်းမာရေးဌာန-ငြိမ်း)၏ ခင်ပွန်း၊ မောင်ငြိမ်းချမ်းပိုင်၊ မောင်ဝေဖြိုးပိုင်တို့၏ ချစ်လှစွာသောပါပါ၊ ဒေါ်ခင်မျိုးကြည်(မန္တလေး အလုပ်သမားဆေးရုံကြီး)၊ ဒေါ်ခင်မြတ်မွန် (ရန်ကုန်ဆေးရုံကြီး)တို့၏ အစ်ကိုသည် ၂၂-၂-၂၀၀၄ရက် မွန်းလွဲ ၂:၃၀ နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃-၂-၂၀၀၄ ဇဟိုရ်နမာဇ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးနွဲ့ဝင်း(ခ) မကစ်
အသက် (၅၅) နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ (၂၁)ရပ်ကွက်၊ အမှတ် (၅၉၉)၊ သစ္စာလမ်းနေဦးလှဦး-ဒေါ်လှမြင့်တို့၏သမီး၊ (ဦးထွန်းဝ-ဒေါ်မယ်အုံ၊ ငါးသိုင်းချောင်း-ဖုရားကုန်းကျေးရွာ)တို့၏ ချွေးမ၊ (ဦးထွန်းရီ၊ အထွေထွေမန်နေဂျာ၊ရန်ကုန်တိုင်း သ/မအသင်းစု၊ ငြိမ်း)၏ ဇနီး၊ ကိုမျိုးဦး၊ ကိုတွတ်၊ မနိုင်နိုင်ထွန်း-ကိုအောင်နိုင်၊ မောင်အောင်နေမင်း၊ မောင်သီဟစိုးတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေတွင် ကွယ်လွန်ပါ၍ ၂၈-၂-၂၀၀၄ (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစောဦး(၇၅)နှစ်
ရန်ပုံခွင်းစာပေ၊ရန်ကုန်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ဓမ္မသုခအပြင်လမ်း၊ အမှတ်(၃၆၄)နေ (ဦးဘခင်-ဒေါ်အုံးတင်)တို့၏ သား၊ ဦးသိန်းထွန်း-ဒေါ်သောင်းသောင်းတို့၏ အစ်ကို၊ ဒေါ်လှဆင့်၏ ခင်ပွန်း၊ Dr.မျိုးမြင့်-မတင်တင်ဝင်း၊မောင်မိုးသူ-မမော်မော်အောင်၊မစန်းစန်းဦး၊မောင်မျိုးမင်း-မသင်းသင်းဝါ၊ မောင်အောင်မော်ဟိန်း-မပပခင်၊(မောင်ရဲမင်းထွန်း)တို့၏ ဖခင်သည် ၂၆-၂-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၈-၂-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး
ဒေါ်တင်ရှိန် အသက်(၇၀)
(ပန်းတနော်)

အမှတ်(၂၁)၊၄လွှာ၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်အေး-ဒေါ်သန်းရီ)တို့၏ သမီး၊ ဦးစစ်အောင်(ကြည့်မြင်တိုင်၊ကမ်းနားဈေး)၏ ဇနီး၊ဦးသန်းအေး(Ewaratt Co., Ltd)-ဒေါ်ခင်ချိုချို၊ မသင်းမာလာအောင်တို့၏ မိခင်၊ (ဦးဝင်းစိန်)၏ညီမ၊ ဒေါ်တင်ရီ၊ ဒေါ်ထွေးရီ၊ ဦးလှ-ဒေါ်ညွန့်တင်၊ ဦးထွန်းမြတ် - ဒေါ်မြင့်မြင့်တို့၏ အစ်မကြီး၊ ကိုမင်းဟန်၊ကိုရဲမင်း-အေးစန္ဒာအောင်၊ မောင်ဟိန်းသီဟတို့၏အဘွားသည် ၂၅-၂-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၇-၂-၂၀၀၄ (သောကြာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးစန်းလွင်(၆၃)နှစ်
အကောက်ခွန်(ငြိမ်း)

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၃၈)၊ ခြောက်လွှာနေ ရာသက်ပန်အသင်းဝင် ဦးစန်းလွင်သည် ၂၄-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၂-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ညီညီအောင်(၄၄)နှစ်
CDC-10825

ပျော်ဘွယ်မြို့နေ (ဦးချစ်ခိုင်)(ဥပဒေနည်းပြ၊ရဲသိပ္ပံ၊ငြိမ်း)၊(ဒေါ်ငွေခင်)၊ ပျဉ်းမနားမြို့နေ ဝဏ္ဏကျော်ထင် (ဦးသန်း၊ ကြေးတိုင်နှင့်မြေစာရင်းမင်းကြီး၊ငြိမ်း-ဒေါ်ခင်ညွန့်)တို့၏ မြေး၊ ရန်ကုန်မြို့၊ ၃၉လမ်း၊ အမှတ် ၉၃နေ ဦးထွန်းအောင် (ညွှန်မှူး၊ ငြိမ်း၊ တရားရုံးချုပ်)-ဒေါ်ခင်လေး(အထပြ၊ငြိမ်း၊အထက ၃၊တောင်ညွန့်)တို့၏ သားငယ်၊ ဦးကိုကိုအောင်(ဒု-အင်ဂျင်နီယာချုပ်၊ မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း)-ဒေါ်ဝင်းဝင်းရွှေ၊ ဒေါက်တာလတ်လတ်အောင်-ဦးခင်မောင်လတ်၊ ဒေါ်ငယ်ငယ်အောင်(ကမ္ဘာ့ဇာတ်ရုံးချုပ်)-ဦးအောင်နေမျိုး (ဒု-မြို့နယ်တရားသူကြီး၊ ကမာရွတ်မြို့နယ်)တို့၏အစ်ကို၊မောင်ဝင်ကီ၊ဆန်နီ၊ဂျွန်၊ဗစ်ကီတို့၏ ဦးလေးသည် ၂၆-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီ တွင် ဝတ်ပြုကိုးကွယ်၍ ရေဝေးနှစ်ခြင်းခရစ်ယာန်သင်္ချိုင်း၌ မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရွှေစောဦး (၉၆)နှစ်
မော်ကွန်းဝင် ပထမဆင့်
(မင်းပြား-စစ်တွေ)

(ရှေ့နေဦးစောလှ - ဒေါ်ရွှေခိုင်ဖြူ)တို့၏သား၊ (ဦးကျော်ထွန်းဦး-ဒေါ်အုံးကြာ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၈၉)နေ ဒေါ်စံဂိုးဖြူ၏ခင်ပွန်း၊ (ဦးထွန်းမြ)-ဒေါ်စောမြ၊ (ဒေါ်စောနုဖြူ)၊ (ဦးနိုးအောင်)-ဒေါ်စောယဉ်၊ (ဒေါ်စောခိုင်)၊ ဦးစောဖော်အောင်-ဒေါ်ဦးကျော့စိန်၊ ဦးဘအောင်-ဒေါ်စောထွီးတို့၏ အစ်ကိုကြီး၊ ဦးသန်းရွှေ၊ ဦးထွန်းအေး (၃/E)၊ ဒေါ်မြင့်မြင့်အေး၊ ဦးကျော်သိန်း-ဒေါ်ယဉ်ယဉ်ငွေး၊ဦးစံရွှေအောင် (မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တန့်ယန်း)-ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ကြည်ရွှေ (အမက-၅၊ တ/ဥက္ကလာ)၊ ဦးကျော်မောင် [C.E(H.T) မြန်မာ့ကြယ်ငါးပွင့်]-ဒေါ်သန်းသန်းစိုး၊ ဦးမောင်မောင်အေး (ဦးစီးအရာရှိသစ်တောဦးစီးဌာနရုံးချုပ်)-ဒေါ်အေးခင်ညွန့်၊ ဦးအေးထွန်းတို့၏ ဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုးသည် ၂၆-၂-၂၀၀၄(ကြာသပတေးနေ့) ည၇:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍၂၈-၂-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်အုန်းကြည်(၈၂)နှစ်
မြောင်းတကာ(မှော်ဘီ)

မှော်ဘီမြို့နယ်၊အောင်သိဒ္ဓိနန်းသာတောင်၊ ပေါ်တော်မူကျောင်းတိုက် ဆရာတော် ဦးနာယက၏ ရဟန်းမယ်တော်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တိုက်(၁၆)(ပထမထပ်)နေ(ဦးချစ်တီး-ဒေါ်ရွှေဖွား)တို့၏ သမီး၊ (ဒေါ်ထွန်းကြည်)၏ ညီမ၊ ဦးသန်း-ဒေါ်သိန်းကြည်၊ ဦးလွန်းရင်(ဒေါ်အုန်းသီ)၊(ဒေါ်အုန်းမြ)၊ ဦးထွန်းအောင်-ဒေါ်တင်တင်နွဲ့တို့၏အစ်မကြီး၊ မလှလှအေး၏ ကျွေးမိခင်၊ တူ၊တူမကိုးယောက်တို့၏ ကြီးတော်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၂၇-၂-၂၀၀၄(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ထွေးလှ(ပင်းယထွေး)
အသက်(၇၄)နှစ်
(မန္တလေး)

(နယ်ပိုင် ဝန်ထောက်မင်းဦးလှ-ဒေါ်တင်မမ)တို့၏ ဒုတိယသမီး၊ (ဦးခင်မောင်မင်း)၏ ဇနီး၊ ဗိုလ်မှူးကြီးသက်ဝေ (ငြိမ်း)-(ဒေါ်တင်လေးလှ)၏ ညီမ၊ (ဦးသပြေသိန်း - ဒေါ်တင်အေးလှ)၊ (ဗိုလ်မှူးသိမ်းဆွေ) - ဒေါ်တင်ငွေးလှ၊ (ဦးခင်မောင်)-ဒေါ်တင်မွေးလှတို့၏ ချစ်လှစွာသော အစ်မကြီး၊ ဒေါက်တာကွန်မော်-ဒေါ်တင်ဦးဝေ၊ ဦးတင်ကျော်ဝေ-ဒေါ်ချိုချိုမာ၊ ဦးတင်မောင်မောင်နိုင်-ဒေါ်မာမာသီ၊ ဦးမျိုးသက်ဆွေ-ဒေါ်တင်သီတာလှိုင်တို့၏ ချစ်လှစွာသော အဒေါ်၊ တူ၊ တူမ ၁၂ယောက်၊ မြေး ၁၂ယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်ထွေးလှသည် အမှတ်(၁၄၈/A-A)၊ ပင်းယနွယ်ခြံ၊ အေဝမ်းလမ်းသွယ်၊ (၉)မိုင် နေအိမ်၌ ၂၅-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍၂၇-၂-၂၀၀၄ (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်စောကြည် (၇၁)နှစ်
မော်လမြိုင်၊ ဘီလူးကျွန်း၊ ဒေါင်းရပ်ကျေးရွာ

မော်လမြိုင်မြို့၊ ချောင်းဆုံမြို့နယ်နေ (ဦးအောင်ကျော်-ဒေါ်စောရီ)တို့၏ ဒုတိယသမီး၊ ဘီလူးကျွန်း၊ ဒေါင်းရပ်ကျေးရွာနေ (ဦးရွှေဗျင်-ဒေါ်ညိမ်းမယ်)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊အမှတ်(၂၆)၊(၆၃)လမ်းနေ(ဦးတင်ရွှေ၊ အမှတ်၆၊သစ်စက်)၏ဇနီး၊ ဦးတင်ရီ (ဓာတ်ငွေ့-၁)-ဒေါ်မြမြအေး၊ ဦးရာဇို (Hub Line)-ဒေါ်ဝင်းကြည်၊ ဦးလှထွန်း-ဒေါ်သန္တာခင်၊ ဦးတင်စောထွေး (အမှတ်-၆၊သစ်စက်)-ဒေါ်သစ် သစ်လွင် (Transit Exchange)တို့၏ မိခင်ကြီး၊ မောင်နိုင်မျိုးအောင်(ဒု-နစ်ရူပ)၊မောင်ဝင်းထက်အောင် (အထက-၁၊ ဗိုလ်တထောင်)၊ မဆုစန္ဒီအောင်(အထက-၅၊ဗိုလ်တထောင်)၊ မောင်မြတ်မင်းထွေး၊ မယွန်းရတီထွန်းတို့၏ အဘွားသည် ၂၅-၂-၂၀၀၄ရက် နံနက်၈နာရီတွင် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးထွန်းတင် (၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ပြည်သာယာလမ်း၊ အမှတ်(၁၀)နေ (ဦးသင်း-ဒေါ်ချစ်စု)တို့၏ သား၊ (ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ (ဦးချို)-ဒေါ်ခင်နှင်းဖြူ၊ (ဦးထွန်းညွန့်)-ဒေါ်ခင်အေး၊ ဦးထိန်ဝင်း(Wood World Trading Ent, Ltd.)-ဒေါ်စန်းတင့်၊ ဒေါက်တာဇေယျ-ဒေါ်ဖြူဖြူခင်၊ ဗိုလ်မှူးမြင့်သိန်း(အတွင်းရေးမှူး၊ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊မန္တလေး)-ဒေါ်စောခင်ကြီး(Seameo-Chat)၊ ဦးတင်ထွဋ်-ဒေါ်ခင်ဆွေလတ်(Zabu Tun Trading Ent, Ltd.)တို့၏ ဖခင်သည် ၂၅-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ရက် မွန်းလွဲ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသာဇံလှ (၅၄)နှစ်
B.V.S (YGN)1974
ဒုတိယညွှန်ကြားရေးမှူး
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

ရန်ကုန်မြို့၊ နည်းပညာတက္ကသိုလ်ဝင်းအတွင်း(၁၅/ဘီ)ဆရာများရိပ်သာနေ ဦးတင်ရွှေ-ဒေါ်ကျင်မြင့်တို့၏ သားသမက်၊ ဦးကြည်ဝင်း(ပ-အင်ဂျင်နီယာ၊ ကြယ်ငါးပွင့်)၊ ဒေါ်ခင်ဝင်းမြင့်(ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ညီ၊ ဒုတိယဗိုလ်မှူးကြီးကံလှိုင်(ပြည်ထဲရေး)-ဒေါ်သန်းသန်းလဲ့(မော်ကွန်းထိန်း၊ ဒဂုံတက္ကသိုလ်)၊ ဦးဝင်းလှိုင်(အင်ဂျင်နီယာ)-ဒေါ်သီသီတင်၊ ဦးမောင်မောင်ပြုံး(ဦးစီးအရာရှိ၊ သစ်တော)-ဒေါ်စီစီမာ(မန်နေဂျာ၊ ကြွေမြေ၊ စက်မှု-၁)၊ ဦးအေးမင်းထွန်း(အင်ဂျင်နီယာ၊ ပြည် လမ်း/တံတား)-ဒေါ်လဲ့လဲ့ဝင်း(ငွေစာရင်း၊ ဆောက်လုပ်ရေး)၊ ဦးဝင်းချို(E.O)-ဒေါ်ထွေးထွေးအေး၊ ဦးအောင်နိုင်ဦး-ဒေါ်ခင်ခင်ဝင်း(မန်နေဂျာ၊ကက/ဝယ်)တို့၏ အစ်ကို၊ ဒေါ်သန်းသန်းဝင်း(ပါမောက္ခ၊ လျှပ်စစ်စွမ်းအား၊ Y.T.U)၏ခင်ပွန်း၊ မောင်ရွှေဇံအောင်-မစန္ဒာဉာဏ်ဝင်း၊ မောင်ဇံအောင်လင်း(G.T.C၊ မှော်ဘီ)တို့၏ဖခင်သည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၀၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း၊ ဆရာများရိပ်သာ၊ အမှတ်(၁၅/ဘီ) နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်လှိုင် (၇၉)နှစ်
(ပုသိမ်)

ပုသိမ်မြို့နယ်၊ အမှတ်(၁၇)၊ ကွင်းကလေးလမ်းနေ (ဦးတုတ်ဝ-ဒေါ်စိန်)တို့၏ သမီး၊ (ဦးကျင်စံ-ဒေါ်ကြင်)၊ (ဦးကျင်စိန်-ဒေါ်ကျင်ကျင်)၊ (ဦးတင်မောင်-ဒေါ်ကျင်ဖွား)၊ (ဦးချစ်တင်)-ဒေါ်ကျင်ဆိုင်၊ (ဦးကျင်တင်-ဒေါ်ထွေးကျင်)တို့၏ ညီမ၊ (ဦးဟန်ဆောင်-ဒေါ်ကျင်မြိုင်)၊ ဦးသောင်းရွှေ-ဒေါ်ကျင်ထွေးတို့၏အစ်မ၊ (ဦးမောင်ဝင်း)-ဒေါ်ခင်ရီ၊ ဒေါ်မြမြသင်း၊ ဒေါ်ကြည်ကြည်ညွန့်၊ ဒေါ်ငွေးငွေးကြူ၊ ကိုမျိုးသန့်၊ ကိုဝင်းမင်းထွန်း၊မဖြိုးသက်မွန်တို့၏အဒေါ်၊ ကိုသိန်းထိုက်၊ မဖြိုးသက်ဝင်း၊ မောင်ဘုန်းတင့်ကျော်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄ (စနေနေ့)နံနက်၂:၀၅နာရီတွင် ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် သရောင်းချောင်း သုသာန်၌ သင်္ဂြိုဟ်ပြီးစီး ပါကြောင်း။၂၇-၂-၂၀၀၄ (သောကြာနေ့)နံနက်၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ထွန်း (၇၆)နှစ်
CDC-3201

ရန်ကုန်မြို့၊ အမှတ်(၂၆၉)၊ ဗားကရာလမ်း၊မြေနီကုန်းနေ(ဦးလှမြ-ဒေါ်သက်)တို့၏ ချစ်လှစွာသော သား၊ ဒေါ်တင်လှ၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ကျော်ဆန်းဝင်း-မအိအိဇင်တို့၏ ဖခင်၊ မောင်ဇော်ဝင်းထွန်း၏ ချစ်လှစွာသော အဘိုးသည် ၂၅-၂-၂၀၀၄ရက် နံနက် ၁:၃၀နာရီတွင် အမှတ်(၂၆၃)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်ပါ၍ ၂၇-၂-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သိန်း(ခ)သိန်းသိန်း
အသက်(၇၆)နှစ်
(ဇရပ်လှ)

ရန်ကုန်မြို့၊ အမှတ်(၃)၊ အခန်း(၂)၊ (၁၃၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ(ဦးဖိုးဆိတ်-ဒေါ်ရွှေခ)တို့၏သမီး၊ (ဦးအောင်ကြည်) ၏ဇနီး၊ (ဦးတင်စော)၊ ဦးတင်အေး(ခ) ဦးအောင်ဝင်း၊ (ဦးတင်မြင့်)တို့၏ညီမ၊ ဒေါ်မြငြိမ်း၊ ဦးဟန်ကြည်တို့၏အစ်မ၊ ဦးဝင်းကျော်မြင့်၊ ဦးစိုးအောင်၊ (ဦးဝင်းအောင်)၊ ဦးမျိုးသန့်၊ ဒေါ်ချိုချိုအောင်၊ (ဦးသန်းထွဋ်အောင်)၊စိုးမြင့်အောင်တို့၏ မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၂၇-၂-၂၀၀၄(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးတိက္ခဉာဏ(ခ)ဦးစိုးတင့်
သိက္ခာတော်(၄)ဝါ
သက်တော်(၇၉)နှစ်

ဟင်္သာတမြို့နယ်၊ငွေးတောက်ကွင်းကျေးရွာနေ(ဦးဘိုးဆင့်-ဒေါ်ညွက်) တို့၏ သား၊ ကျိုက်လတ်မြို့နယ်၊ ကျုံကလွတ်ကျေးရွာနေ(ဦးမောင်ခင်-ဒေါ်စိန်တုတ်) တို့၏ သားသမက်၊ အမှတ်(၃၉)၊ မင်းလမ်း၊ဆရာစံတောင်(စံပြ)ရပ်ကွက်နေ ဒေါ်သန်းအိ၏ခင်ပွန်း၊ ဦးကျော်သန်း-ဒေါ်စမ်းစမ်းဝင်း၊ ကိုတင့်နိုင်-မစမ်းစမ်းလဲ့၊ကိုခင်မောင်လတ်-မအေးအေးမော်၊ ကိုကျော်နိုင်-မဝင်းပပမိုး(ခ)သဲသဲတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၂၈-၂-၂၀၀၄(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုနိုင်လင်း (၃၅)နှစ်
ထိပ်တန်းအောင်ဆန်ဆိုင်၊ပုဇွန်တောင်ဈေး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အမှတ်(၄၀)၊ ကျီတော်လမ်းနေ (ဦးကြင်)-ဒေါ်သန်းမြင့်တို့၏သား၊ ခရမ်းမြို့နယ်၊ ကမာချိုက်ကျေးရွာနေ ဦးမြသန်း-ဒေါ်လှကြည်တို့၏ သားသမက်၊ ကိုမျိုးမင်း-မသဇင်မွှေး၊ ကိုစိုးထွဋ်-မသီတာခင်၊ ကိုစိုးနိုင်-မခင်ခင်ဖြူတို့၏ ညီ/မောင်၊ မခင်ခင်မြင့်၏ ခင်ပွန်း၊ မသူဇာဖြိုး၊ မနှင်းဝတ်ရည်တို့၏ ဖခင်သည် ၂၃-၂-၂၀၀၄ရက် ၁၀:၄၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၀၄)၊ ငါးလွှာ၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ပုဇွန်တောင်နေအိမ်နှင့် ပုဇွန်တောင်ဈေးမှကားများ မွန်းလွဲ၁၂:၄၅နာရီတွင် ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်ငွေးလွင် (၃၄)နှစ်
(ခမောက်ကြီး/ကော့သောင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ အမှတ်(၁၆၆၆/ခ)နေ ဦးဘအောင်-ဒေါ်ကျင်လှတို့၏ သား၊ ဦးခင်ဇော်-ဒေါ်ခင်ဥမ္မာမြင့်၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းရီ၊ ဦးမင်းသန့်-ဒေါ်ခင်ဥမ္မာဝင်းတို့၏ ညီ/မောင်၊ ကိုစန်းယု-မငယ်ငယ်တို့၏ အစ်ကိုသည် ၂၁-၂-၂၀၀၄ရက်တွင် ကော့သောင်းမြို့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဖွံ့ဖြိုးရေးဒေသ(၄)ခု သတ်မှတ်၍ ရှမ်းပြည်နယ်တစ်ခုလုံးကို ကွက်ပြည့်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခဲ့ နယ်စပ်ဒေသပါမကျန် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရော (အရှေ့ပိုင်း)ပါ ယှဉ်တွဲတိုးတက်လာပြီဖြစ်

ရှေ့လုပ်ငန်းများကို အောက်ခြေအထိကွင်းဆင်းပြီး ပြည်သူ၏ပူးပေါင်းပါဝင်မှု ရယူဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖေဖော်ဝါရီ၂၃ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားသည်။

ကြိုတင်တွေ့ဆုံ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာရောက်မတွေ့ဆုံမီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၁၅မိနစ်တွင် မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် ကြိုတင်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ အကျယ်အဝန်းနှင့် တိုင်းရင်းသားလူမျိုးများ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ သုနာပြုအသင်း (၄၉)ကြိမ်မြောက် သုနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် စာတမ်းဖတ်ကြားတင်သွင်းသူ စာတမ်းရှင် ပထမဆုရ မွန်ပြည်နယ်ကိုယ်စားပြု ဒေါ်ချိုချိုမာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လောက်ကိုင်)ဧည့်ခန်းမ၌ ကိုးကန့် တိုင်းရင်းသား ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်အား လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သုနာပြုညီလာခံ ဂုဏ်ပြုညစာစားပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံသုနာပြု အသင်း(၄၉)ကြိမ်မြောက် သုနာပြုညီလာခံ ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြု ညစာစားပွဲသို့ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်
စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပညာပေးမှုများကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန်လိုအပ် ကြက်သားစားသူများတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမတွေ့ရှိရ

သတင်းဆောင်းပါး–ဗျေးကြည်
ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယနေ့မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေမှု အခြေအနေကို သိလိုသဖြင့် ကြေးမုံသတင်းအဖွဲ့သည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အင်းစိန်လမ်းမကြီးနှင့် ဘူတာရုံလမ်းရှိ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ သွားရောက်ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍